**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး**

**(၁၅)ရက်မြောက်နေ့မှတ်တမ်း**

၁၃၇၅ ခုနှစ်၊ တပို့တွဲလပြည့်ကျော် ၅ ရက်

(၂၀၁၄ ခုနှစ်၊ ဖေဖော်ဝါရီလ ၁၉ ရက်)

(ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက နေရာယူခြင်း

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ယခု အချိန်က စပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ်အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်များ စတင်ပါတော့မယ်ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသော စင်မြင့်ပေါ်တွင် ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့မှာ လွှတ်တော် အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၀)ဦးရှိပြီး၊ ဒီကနေ့အစည်းအဝေးကို(၁၇၀)ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၇.၂၇)ရာခိုင်နှုန်းရှိပြီး၊ တက်ရောက်တဲ့

ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေးအထမြောက်ရန် လိုအပ်တဲ့ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ) တို့အရ အစည်းအဝေးအထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ (က)နဲ့(ဂ)တို့အရ အစည်းအဝေးစတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေးရဲ့ (၁၅)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အစည်းအဝေးမတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၄။**

**ဥက္ကဋ္ဌ။** ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ဖတ်ကြားတင်ပြပါ့မယ်။

ဦးစောမော်ထွန်း၊ ပဲခူး(၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမင်းဦး၊ ပဲခူး(၇)၊ ဒေသဖွံ့ဖြိုးရေး။ ဦးအောင်ချိုဦး၊ ပဲခူး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဆိုင်ပေါင်းနပ်၊ ရှမ်း(၁၂)၊ ဒေသဖွံ့ဖြိုးရေး။ ဦးလှိုင်ဦး၊ ဧရာဝတီ(၁၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစောငြိမ်းသင်၊ ကရင်(၃)၊ ကော်မတီအစည်းအဝေး။ ဦးမောင်မောင်ကြီး၊ စစ်ကိုင်း(၁၀)၊ မျက်စိခွဲစိတ်။ ဦးထွန်းမြင့်၊ စစ်ကိုင်း(၆)၊ ပြည်ပခရီးစဉ်။ ဦးငွေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးမောင်စိန်၊ တနင်္သာရီ(၅)၊ ပြည်ပခရီးစဉ်။ ဦးလှစိုး၊ တနင်္သာရီ(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးအောင်ထွန်း၊ မကွေး(၁၁)၊ မိခင်ကျန်းမာရေး။ ဦးအေး၊ မန္တလေး(၇)၊ ကျန်းမာရေး။ ဦးညွန့်လှိုင်၊ ဧရာဝတီ(၄)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါက်တာငွေးဝင်း၊ ဧရာဝတီ(၅)၊ ဒေသဖွံ့ဖြိုးရေး။ ဒေါက်တာငွေးနိုင်၊ ဧရာဝတီ(၇)၊ သင်တန်းတက်။ ဦးသက်လင်း၊ ဧရာဝတီ(၈)၊ သင်တန်းတက်။ ဦးထွန်းကျော်၊ ရှမ်း(၁၀)၊ ဒေသဖွံ့ဖြိုးရေး။ ဦးနေဝင်းထွန်း၊ ရှမ်း(၉)၊ အစည်းအဝေး။ ဦးလှဆွေ၊ မကွေး(၁၂)၊ အစည်းအဝေး။ ဦးမင်းလွန်းအောင်၊ မွန်(၃)၊ အစည်းအဝေး။ ဦးစောအုန်း၊ မွန်(၉)၊ အစည်းအဝေး။ ဦးစောတော်ပလဲ၊ ကရင် (၇)၊ အစည်းအဝေး။ ဦးဘရန်ရှောင်၊ ကချင်(၃)၊ အစည်းအဝေး။ ဦးနှင်းဝေ၊ ကယား(၁၂)၊ အစည်းအဝေး။ ဦးထွန်းဇော်(ခေါ်)ကိုပေါက်၊ ပဲခူး(၁၂)၊ အစည်းအဝေး။ ဦးစတီဗင်သာဘိတ်၊ ချင်း(၄)၊ ကျန်းမာရေး။ ဦးသိန်းဝင်း၊ စစ်ကိုင်း(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခုတင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များအပေါ် ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်ကခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ(၂၂၀)ဦး၊ ယခင်ကခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၂)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ(၂၈)ဦး ဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၅၀)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကအတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို သက်ဆိုင်ရာအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များ က ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

**ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ်ဆေးရုံသည် ဟောင်းနွမ်းဆွေးမြည့် ပျက်စီးနေ၍ အကြီးစားမွမ်းမံပြင်ဆင်ပေးရန်၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ ယခု ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးလှမောင် က ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ်ဆေးရုံသည် ဟောင်းနွမ်းဆွေးမြည့်ပျက်စီးနေ၍ အကြီးစားမွမ်းမံ ပြင်ဆင်

ပေးရန်၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်နှင့် လစ်လပ်လျက်ရှိသော ဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးလှမောင်၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ရွှင်လန်းချမ်းမြေ့ကြပါစေလို့ ဆုတောင်းမေတ္တာပို့သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၁)၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းကတော့ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ် ဆေးရုံသည် ဟောင်းနွမ်းဆွေးမြည့် ပျက်စီးနေ၍ အကြီးစားမွမ်းမံပြင်ဆင်ပေးရန်၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန်၊ လစ်လပ်လျက်ရှိသော ဝန်ထမ်းများ ခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ စပ်လျဉ်းသည့် မေးခွန်း ဖြစ်ပါတယ်။

ကျွန်တော်မေးမြန်းလိုတဲ့ မေးခွန်းနဲ့ ပတ်သက်ပြီး အနည်းငယ် ရှင်းလင်းတင်ပြလိုပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အား ဖတ်ကြားရှင်းလင်း တင်ပြခွင့်ပြုပါရန် တောင်းခံအပ်ပါတယ်။ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်သည် ကယားပြည်နယ်တောင်ဘက်စွန်းတွင်တည်ရှိပြီး လမ်းပန်းဆက်သွယ်ရေးခက်ခဲသည့်မြို့နယ်ဖြစ်ပါတယ်။ မော်ချီးတိုက်နယ်ဆေးရုံသည် မော်ချီးကျေးရွာအုပ်စု၊ လိုခါးလိုကျေးရွာတွင်တည်ရှိပါတယ်။ မော်ချီးသတ္တုတွင်းဒေသလည်း ဖြစ်ပါတယ်။ ကယားပြည်နယ်မြို့တော် လွိုင်ကော်မြို့နဲ့ (၁၀၀)မိုင် ကွာဝေးပါတယ်။ ဖားဆောင်းမြို့နဲ့ မော်ချီးသည် (၂၅)မိုင် သာကွာဝေးသော်လည်း အကွေ့အကောက် တောင်တက်တောင်ဆင်းများခြင်း၊ လမ်း ကြမ်းတမ်းခြင်းများကြောင့် သွားလာရပိုမိုခက်ခဲပါတယ်။ မော်ချီးဒေသသည် မိုးများသည့်ဒေသဖြစ်၍ မိုးတွင်းအခါ၌ မိုးကြောင့် တစ်ခါတရံ တောင်ပြိုကျခြင်း၊ လမ်းများပြိုကျခြင်း ဖြစ်တဲ့အခါ သွားလာရပို၍ ခက်ခဲပါတယ်။

ကယားပြည်နယ်၊ မော်ချီးတိုက်နယ်သည် ရွာပေါင်း(၄၈)ရွာရှိပါတယ်။ ဒေသခံပြည်သူများ လူဦးရေ(၁၀၀၀၀)ကျော်ရှိပြီး သတ္တုတူးဖော်ခြင်း၊ တောင်ယာအလုပ်အကိုင်လုပ်ငန်း အလုပ်လုပ်ကြပါတယ်။ မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ် ပြည်သူများကလည်း မော်ချီးသတ္တုတွင်းတွင် လာရောက် သတ္တုတူးဖော် အလုပ်လုပ်ကြတဲ့ ရွှေ့ပြောင်းအလုပ်သမားများနှင့် မိသားစုဝင်ဦးရေမှာ(၂၀၀၀၀)ခန့်ရှိပါတယ်။ ဒေသခံပြည်သူတွေနဲ့ အနယ်နယ်အရပ်ရပ် ပြည်သူအလုပ်သမားများနဲ့ဆိုရင် စုစုပေါင်း(၃၀၀၀၀)ကျော်ရှိပါတယ်။ ယင်း ပြည်သူများအားလုံးသည် ကျန်းမာရေးနှင့်ပတ်သက်လာလျှင် မော်ချီးတိုက်နယ်ဆေးရုံကို အားထားရပါတယ်။

မော်ချီးတိုက်နယ်ဆေးရုံကို ၁၃-၈-၁၉၈၂ ခုနှစ်တွင် ဆောက်လုပ်ခဲ့ပါတယ်။ မော်ချီးတိုက်နယ်၊ မော်ချီးကျေးရွာအုပ်စုရှိ ပြည်သူများက ကိုယ်ထူကိုယ်ထ ဆောက်လုပ်ထားတဲ့ (၁၆)ခုတင်ဆံ့ အုတ်ညှပ်တစ်ထပ်တိုက်ဆေးရုံ ဖြစ်ပါတယ်။ နှစ်ပေါင်းရှည်ကြာလာပြီဖြစ်၍ ယခုအခါ အဆောက်အဦ အစိတ်ပိုင်းများဖြစ်သော အမိုးများ သွပ်ပေါက်၍ မိုးယိုခြင်း၊ မိုးရေကြောင့် မျက်နှာကြက်များပေါက်၍ စုတ်ပြတ်ခြင်း၊ အခင်းအင်္ဂတေကွဲခြင်း၊ အက်ခြင်း၊ အတွင်းခန်းဆီးသည် ပျဉ်များဖြင့် ကာရံထားပြီး၊ ချပုန်းများစားခြင်း၊ တပ်ဆင်ထားသည့် လျှပ်စစ်မီးကြိုးများအားလုံး ဆွေးမြည့်၍ ပျက်စီးပြီး အသုံးပြုမရတော့ခြင်း၊ ဆေးရုံတွင် ခွဲစိတ်ခန်းရှိသော်လည်း ခွဲစိတ်ပစ္စည်းကိရိယာများ ခွဲစိတ်လျှပ်စစ်မီးစလောင်းမရှိခြင်း၊ သားဖွားခန်း

ရှိသော်လည်း သားဖွားခန်း လျှပ်စစ်မီးမရှိဖြစ်နေပါ၍ အကြီးစားမွမ်းမံပြင်ဆင်ဖို့ လိုအပ်နေပြီဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

ဆေးရုံတွင် ဝန်ထမ်းများနေထိုင်ရာအိမ်သည် မော်ချီးကျေးရွာအုပ်စု ပြည်သူများက ကိုယ်ထူကိုယ်ထဆောက်လုပ်ထားတဲ့ အလျား(၂၀)ပေ၊ အနံ(၂၀)ပေ၊ အမြင့်(၁၁)ပေရှိ အိမ်တစ်လုံးသာရှိပါတယ်။ ရေကန်၊ အိမ်သာများလည်း မရှိသေးပါ။ ဒါ့ကြောင့် ဆေးရုံဝန်ထမ်းအိမ်ရာများ၊ အိမ်သာများ၊ ရေကန် ဆောက်လုပ်ပေးရန် လိုအပ်နေပါကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဆက်လက်တင်ပြလိုတာကတော့ မော်ချီးတိုက်နယ်ဆေးရုံဟာ ယခင်ဝန်ထမ်းအင်အား ဖွဲ့စည်းပုံအရ ဆရာဝန်(၁)ဦး၊ အထက်တန်း သူနာပြု (၁)ဦး၊ သူနာပြု(၄)ဦး၊ အခြေခံလုပ်သား(၄)ဦး၊ အစောင့်(၁)ဦး လျာထားတယ်လို့သိရပါတယ်။ သို့သော် ယခုဆေးရုံမှာ အထက်တန်းသူနာပြု(၁)ဦး၊ အခြေခံလုပ်သား(၂)ဦး၊ စုစုပေါင်း(၃)ဦးသာ ရှိနေပါတယ်။ ဒါ့ကြောင့် လစ်လပ်လျက်ရှိသော ဝန်ထမ်းများ ခန့်ထားပေးနိုင်ပါရန် တင်ပြအပ်ပါတယ်။

သို့ဖြစ်ပါ၍ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ်ဆေးရုံအား အကြီးစား မွမ်းမံပြင်ဆင်ခြင်း၊ ဝန်ထမ်းအိမ်ရာများဆောက်လုပ်ပေးခြင်း၊ လစ်လပ်လျက်ရှိသော ဝန်ထမ်းများ ခန့်ထား ပေးနိုင်ရေးအတွက် ပြည်သူများ၏ကိုယ်စား အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်း တင်ပြအပ်ပါတယ်။ မေးမြန်းလိုသည့် မေးခွန်းများ (၁) ကယားပြည်နယ် ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ်ဆေးရုံအား မွမ်းမံပြင်ဆင်ခြင်း၊ ဝန်ထမ်းအိမ်ရာများ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ။ (၂) လစ်လပ်လျက်ရှိသော ဝန်ထမ်းများခန့်ထားပေးရန် အစီအစဉ် ရှိ/မရှိ။ (၃) ရှိပါက မည်သည့် အချိန်ကာလတွင် ဆောင်ရွက်ပေးနိုင်မည်နည်း သိရှိလို၍ မေးမြန်းတင်ပြအပ်ပါတယ် ခင်ဗျား။ ကျေးဇူး တင်ပါတယ်။

**အချိန်၊ ၁၀း၁၄။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ကျန်းမာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြား ပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၁၄။**

**ဒေါက်တာသန်းအောင်(ဒုတိယဝန်ကြီး၊ ကျန်းမာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး၊ မင်္ဂလာ အပေါင်းနဲ့ ပြည့်စုံပါစေလို့ နှုတ်ခွန်းဆက်သရင်း ဂါရဝပြုအပ်ပါတယ်။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကယားပြည်နယ် အမှတ်(၁၁)မဲဆန္ဒနယ်၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးလှမောင် ၏ မေးခွန်း အား ကျန်းမာရေးဝန်ကြီးဌာန ကိုယ်စား ပြန်လည်ဖြေကြားတင်ပြသွားပါမယ်။

ရှေးဦးစွာ ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ်ဆေးရုံအား အကြီးစားမွမ်းမံ ပြင်ဆင်ခြင်းနှင့် ဝန်ထမ်းအိမ်ရာ ဆောက်လုပ်နိုင်ရန်အတွက် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် အစိုးရဒေသန္တရစီမံကိန်းနှင့် ကျန်းမာရေးဝန်ကြီးဌာန၏ ကဏ္ဍအလိုက် စီမံကိန်းများတွင် ထည့်သွင်း ပေးပြီး စီမံကိန်းကော်မရှင်နှင့် ဘဏ္ဍာရေးကော်မရှင်တို့တွင် တင်သွင်းညှိနှိုင်းပြီး ကျန်းမာရေးဝန်ကြီး

ဌာနသို့ ခွင့်ပြုရရှိတဲ့ရန်ပုံငွေဖြင့် အမြန်ဆုံးဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း တင်ပြအပ်ပါတယ်။ မော်ချီးတိုက်နယ်ဆေးရုံတွင် လစ်လပ်လျက်ရှိသော တိုက်နယ်ဆရာဝန်နေရာတွင် ကယားပြည်နယ် ကျန်းမာရေးဦးစီးမှူးရုံး အစီအစဉ်ဖြင့် လွိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးမှ လက်ထောက်ဆရာဝန်တစ်ဦးအား (၃)လ လျှင်တစ်ကြိမ် အလှည့်ကျတာဝန်ထမ်းဆောင်စေခဲ့ပြီး တင်ပြပါတာဝန်ကို ယခုအခါ ဒေါက်တာဝဏ္ဏမျိုးထွန်းက ၁-၁-၂၀၁၄ မှ ၃၁-၃-၂၀၁၄ ရက်နေ့အထိ တိုက်နယ်ဆရာဝန်အဖြစ် တာဝန်ထမ်းဆောင်လျက်ရှိပါတယ်။

လက်ရှိ ဖွဲ့စည်းပုံအရ အထက်တန်းသူနာပြု ခွင့်ပြု(၁)ဦး၊ ခန့်ထား(၁)ဦးရှိပါတယ်။ စံကိုက်ဖွဲ့စည်းပုံရရှိအောင် ဆောင်ရွက်မှာဖြစ်ပြီး သူနာပြုဝန်ထမ်းများလည်း ထပ်မံဖြည့်ဆည်း ခန့်အပ်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ကျန်းမာရေးဦးစီးဌာနလက်အောက်ရှိ ဗဟိုအဆင့်/တိုင်းဒေသကြီး/ပြည်နယ်များအတွင်းတွင်ရှိသော ဆေးရုံများမှ ဆေးဘက်ကျွမ်းကျင်(၄)(ဆေးစပ်) လစ်လပ်နေရာများတွင် ဖြည့်ဆည်းဆောင်ရွက်နိုင်အတွက် ဌာနအတွင်းမှ လျှောက်လွှာများခေါ်ယူခဲ့ပါတယ်။ ခေါ်ယူရရှိသော တိုင်းဒေသကြီး/ပြည်နယ်အသီးသီးမှ သင်တန်းသားများအား ဆေးဘက်ကျွမ်းကျင်(၄)(ဆေးစပ်)(၆)လ သင်တန်းပေးလျက်ရှိပါတယ်။ ဌာနအတွင်းမှခေါ်ယူရာတွင် တင်ပြပါ ကယားပြည်နယ်မှ လျှောက်ထားသူမရှိကြောင်းတွေ့ရပါတယ်။

သို့ဖြစ်ပါ၍ ကယားပြည်နယ်အပါအဝင် ဗဟိုအဆင့်/တိုင်းဒေသကြီး/ပြည်နယ်အတွင်းရှိ ဆေးရုံများရှိ ဆေးဘက်ကျွမ်းကျင်(၄)(ဆေးစပ်)ရာထူးလစ်လပ်နေရာများတွင် ဖြည့်ဆည်းခန့်နိုင်ရန်အတွက် ဌာနပြင်ပမှ သင်တန်းသားများရရှိရေးလျှောက်လွှာခေါ်ယူပြီး စိစစ်၍သင်တန်းပေးရန် ဆောင်ရွက်လျက်ရှိပါတယ်။ သင်တန်းဆင်းပြီးခန့်နိုင်သည့်အချိန်တွင် ကယားပြည်နယ်၊ ဖားဆောင်းမြို့နယ်၊ မော်ချီးတိုက်နယ်ဆေးရုံသို့ ဆေးဘက်ကျွမ်းကျင်(၄)(ဆေးစပ်) လစ်လပ်နေရာအတွက် ၂၀၁၄ ခုနှစ် မတိုင်မီ ဖြည့်ဆည်းခန့်ထားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ထို့အပြင် လက်ရှိဖွဲ့စည်းပုံအရ အထွေထွေလုပ်သား (၂)ဦး ခန့်ထားပြီးဖြစ်ရာ ဝန်ထမ်းအသစ်များ ထပ်မံခန့်နိုင်ရန်အတွက် ဖွဲ့စည်းပုံကို စံကိုက်အဖြစ် တင်ပြထားပါတယ်။ ဖွဲ့စည်းပုံရရှိပါက ထပ်မံခန့်ထားပြီး ဆောင်ရွက်ပေးမည် ဖြစ်ပါကြောင်း တင်ပြအပ် ပါတယ်။

**ရခိုင်ရှေးဟောင်းမြို့တော် မြောက်ဦး ယဉ်ကျေးမှုနယ်မြေကို ထိန်းသိမ်းမှု ညံ့ဖျင်းခြင်းကြောင့် အာရှတိုက်၏ စိုးရိမ်ဖွယ်ရာ အခြေအနေနှင့် ရင်ဆိုင်နေရသော ယဉ်ကျေးမှုအမွေအနှစ်(၁၀)ခု စာရင်းတွင် မြောက်ဦးကို ပဥ္စမနေရာ၌ ထည့်သွင်းသတ်မှတ်ထားရာ အဆိုပါ စိုးရိမ်ဖွယ်ရာ အခြေအနေမှ လွတ်ကင်းလာသည်အထိ ပြည်ထောင်စု အစိုးရမှ ပြုပြင်မွမ်းမံ ထိန်းသိမ်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂) မှ ဦးကျော်ကျော် က ရခိုင်ရှေးဟောင်းမြို့တော် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ထိန်းသိမ်းမှုညံ့ဖျင်းခြင်းကြောင့် အာရှတိုက်၏ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရသော ယဉ်ကျေးမှု အမွေအနှစ်(၁၀)ခု စာရင်းတွင် မြောက်ဦးကို ပဥ္စမနေရာ၌ ထည့်သွင်းသတ်မှတ်ထားရာ အဆိုပါ စိုးရိမ်ဖွယ်ရာ အခြေအနေမှ လွတ်ကင်းလာသည်အထိ

ပြည်ထောင်စုအစိုးရမှ ပြုပြင်မွမ်းမံ ထိန်းသိမ်းလုပ်ဆောင်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၈။**

**ဦးကျော်ကျော်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုယဉ်ကျေးမှု ဒုတိယဝန်ကြီးနှင့်တကွ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံးကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက် ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်ကျော် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ရခိုင်ရှေးဟောင်းမြို့တော် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ထိန်းသိမ်းမှုညံ့ဖျင်းခြင်းကြောင့် အာရှတိုက်၏ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရသော ယဉ်ကျေးမှု အမွေအနှစ်(၁၀)ခု စာရင်းတွင် မြောက်ဦးကို ပဋ္ဌမနေရာ၌ ထည့်သွင်းသတ်မှတ်ထားရာ အဆိုပါ စိုးရိမ်ဖွယ်ရာ အခြေအနေများမှ လွတ်ကင်းလာသည်အထိ ပြည်ထောင်စုအစိုးရမှ ပြုပြင်မွမ်းမံ ထိန်းသိမ်း လုပ်ဆောင်ပေးရန် မေးခွန်း ဖြစ်ပါတယ်။

ဒီမေးခွန်း မေးမြန်းရတဲ့အကြောင်းရင်းနဲ့ ပတ်သက်လို့ ကျွန်တော် နည်းနည်းဆွေးနွေး တင်ပြ ပေးပါမယ်။ ကျွန်တော်တို့ မြောက်ဦးကို အေဒီ(၁၄၃၀)ခုနှစ်မှာ ရခိုင်ဘုရင်မင်းစောမွန် တည်ခဲ့ပါတယ်။ နှစ်ပေါင်း(၃၅၅)နှစ်တိုင်တိုင် မင်းဆက်ပေါင်း (၄၈)ဆက်စိုးစံခဲ့တဲ့ ရခိုင်ပဒေသရာဇ် နိုင်ငံတော်ရဲ့ နောက်ဆုံး နန်းမြို့တော် ဖြစ်ပါတယ်။ မြောက်ဦးမြို့ဟာ မြောက်လတ္တီတွဒ် (၂၀) ဒီဂရီ (၃၅)မိနစ်နှင့် အရှေ့ လောင်ဂျီတွဒ် (၉၃)ဒီဂရီ (၁၁)မိနစ်တို့ဆုံရာမှာ တည်ရှိပါတယ်။ ရာဇဌာနီမင်းနေပြည်တော် ဖြစ်တာနဲ့ အညီ ဘုရားပုထိုး၊ စေတီပေါင်းမြောက်မြားစွာနှင့် မြို့ရိုးတံတိုင်း၊ ကျုံး၊ ခံတပ်၊ နန်းတော်ရာစတဲ့ ယဉ်ကျေးမှု အမွေအနှစ်များကို တွေ့မြင်နေရပါသေးတယ်။ ဓညဝတီ၊ ဝေသာလီ၊ လေးမြို့ခေတ်ကြီးတို့က စီးဆင်း လာတဲ့ ရခိုင်ယဉ်ကျေးမှု အနုပညာဗိသုကာ လက်ရာများဟာ ဒီ မြောက်ဦးခေတ်မှာ လာရောက် ပြီးတော့ ပေါင်းဆုံနေတာကို တွေ့ရပါတယ်။ ဒါကြောင့် မြောက်ဦးဟာ ရခိုင်သမိုင်းမှာ လွန်စွာအရေးပါတယ်လို့ ရခိုင်သမိုင်းပညာရှင်တို့ ပြောဆိုလေ့ရှိကြပါတယ်။ ဒီမြောက်ဦးမင်းဆက်ဟာ အင်းဝ၊ တောင်ငူ၊ ဟံသာဝတီ မင်းဆက်တို့နဲ့ ခေတ်ပြိုင်ဖြစ်ခဲ့ပါတယ်။

မြောက်ဦးရှေးဟောင်းယဉ်ကျေးမှုနယ်မြေကို ဇုန်နယ်မြေ သုံးမျိုးသတ်မှတ်ထားပါတယ်။ အဲဒီ ဇုန်နယ်မြေသုံးမျိုးမှာ ရှေးဟောင်းသုတေသနနယ်မြေ (Archaeological Zone)၊ ရှေးဟောင်းသမိုင်းဝင် အဆောက်အဦနယ်မြေ (Monumental Zone)နဲ့ ရှေးဟောင်းပစ္စည်း အကာအကွယ်ပေးထားတဲ့ နယ်မြေ (Protective Zone)တို့ဖြစ်ကြပါတယ်။ ဒီဇုန်နယ်မြေသုံးခုစလုံးမှာ ထိန်းသိမ်းမှုလွန်စွာ ညံ့ဖျင်း အားနည်းမှုဖြစ်နေပြီး ဥပေက္ခာပြုခံထားရသလို အခြေအနေမျိုး သက်ရောက်နေပါတယ်လို့ ဆိုရပါမယ်။ အထူးသဖြင့် ကျွန်တော်တို့ဒေသမှာ ရခိုင်ပြည်နယ်မှာ မီးရထားလမ်းဖောက်တဲ့အခါမှာ ရှေးဟောင်းသုတေသန နယ်မြေကို၊ ရှေးဟောင်းသုတေသနဆိုတာ မြောက်ဦးရှေးဟောင်းသုတေသနဌာနကို ဆိုလိုတာပါ။ ရှောင်ကွင်းပြီးဖောက်လုပ်မှု မရှိသေးပါဘူး။ ရှေးဟောင်းသုတေသနဌာနမှ တားမြစ်ထားတဲ့ကြားကပင် ဟိုတယ်နဲ့ လူနေအိမ်များဆောက်လုပ်ခြင်း၊ ရှေးဟောင်းဘုရားပုထိုးစေတီများကို ပြုပြင်ရာမှာလည်း ရှေးဟောင်းသုတေသန နည်းစနစ်နဲ့မညီခြင်း စတဲ့အချက်တွေဟာ မလိုလားအပ်တဲ့ အကြောင်းအရာများ ဖြစ်ပါတယ်။ မြောက်ဦးသို့ လာရောက်ကြတဲ့ နိုင်ငံခြားသားဧည့်သည်များမှာ အများအားဖြင့် ရှေးဟောင်း

ယဉ်ကျေးမှုအမွေအနှစ်များကို စိတ်ဝင်စားသူများ၊ လေ့လာလိုက်စားကြသူများပါဝင်ကြပါတယ်။ တကယ်လို့များ ဇုန်ထဲမှာ ဟိုတယ်ကြီးတွေနေရာယူထားရင် ရှေးဟောင်းအသွင်သဏ္ဍာန်များ ပျက်စီးပြီး ပျောက်ကွယ်သွားတတ်ပါတယ်။ အရိုးကိုအရွက်ဖုံးနေသလိုဖြစ်နေပါမယ်။ ဒီလိုအဖက်ဖက်မှ ထိန်းသိမ်းမှု အားနည်းလာတဲ့အတွက်ကြောင့် ပျက်စီးချင်တိုင်းပျက်စီးနေတဲ့အခြေအနေ ဒါမှမဟုတ်အဆိုးဆုံး အခြေအနေ ဖြစ်နေပါတယ်။

ဥပမာအားဖြင့် ၁၅၂၅ ခုနှစ်က မင်းခေါင်ရာဇာ တည်ထားခဲ့တဲ့ လောင်ပွန်းပြောက်စေတီရဲ့ မဟာရံ တံတိုင်းပတ်ပတ်လည်မှာရှိတဲ့ ရှေးခေတ်လက်ရာ ရောင်စုံအုတ်ချပ်များမှာ အခုအခါဆိုလို့ရှိရင် လုံးဝပျောက်ကွယ်လုနီးပါး ဖြစ်နေပါတယ်။ ကျွန်တော်တို့ ငယ်စဉ်က အဲဒီဘုရားမှာ အဲဒီရောင်စုံ အုတ်ချပ်များဟာ တံတိုင်းအပြည့်နီးပါးရှိပါသေးတယ်။ ဒီလိုထိန်းသိမ်းပြုပြင်မွမ်းမံဖို့ နည်းပါးရခြင်း အဓိက အကြောင်းအရင်းတွေကတော့ ဘတ်ဂျက် လုံလောက်စွာ မရရှိခဲ့လို့ပါ။ နောက်ပြီးတော့ ဝန်ထမ်းအင်အား ခန့်ထားမှု နည်းပါးခြင်းတို့ကြောင့်လည်း ဖြစ်ပါတယ်လို့လည်း သိရပါတယ်။

အထက်ကဖော်ပြခဲ့တဲ့အတိုင်း ထိန်းသိမ်းမှုမှာ ဥပက္ခာပြုခံရလို့ အဆိုးရွားဆုံး အခြေအနေသို့ ရောက်ရှိခဲ့ရတဲ့အတွက် လွန်ခဲ့တဲ့ ၂၀၁၂ ခုနှစ်၊ မေလ ၃ ရက်နေ့က ကမ္ဘာ့အမွေအနှစ်များ ရန်ပုံငွေအဖွဲ့ (Global Heritage Fund)မှ ထုတ်ပြန်ထားတဲ့အစီရင်ခံစာမှာ အာရှတိုက်ရဲ့ စိုးရိမ်ဖွယ်ရာ အခြေအနေနဲ့ ရင်ဆိုင်နေရတဲ့ ယဉ်ကျေးမှုအမွေအနှစ် (၁၀)ခုစာရင်းမှာ မြောက်ဦးမြို့ကို ပဉ္စမနေရာမှာ ထည့်သွင်း သတ်မှတ်ခံခဲ့ရပါတယ်။ ဤသို့ စိုးရိမ်ဖွယ်ရာအခြေအနေ သို့တည်းမဟုတ် နာမည်ပျက်စာရင်း ဆက်လက် ပါရှိနေရင် နောက်ဆုံးမှာ မြောက်ဦးကို ကမ္ဘာ့အမွေအနှစ် စာရင်းမှပယ်ဖျက်ခြင်း ခံရနိုင်ပါတယ်။

ကျွန်တော်တို့ ရခိုင်ပြည်နယ်၊ ရခိုင်လူမျိုးတို့အတွက်ရော ပြည်ထောင်စုအသိစိတ်ဓာတ် ရှိသူတွေ အတွက်ပါ ဝမ်းနည်းစရာတစ်ရပ် ဖြစ်နေပါမယ်။ ပြည်ထောင်စု အသိစိတ်ဓာတ်၊ ပြည်ထောင်စုဝိဉာဉ် မရှိရင်တော့ ဝမ်းနည်းစရာဖြစ်လာမှာမဟုတ်ပါဘူး။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံမှာ တိုင်းရင်းသား လူမျိုးပေါင်းစုံတို့ ယဉ်ကျေးမှုအမွေအနှစ်၊ ရိုးရာဓလေ့ထုံးစံ၊ ဒေသရဲ့သဘာဝအလှ စတာတွေနဲ့ လှပ တင့်တယ်ဂုဏ်ယူဝင့်ကြွားစရာကောင်းတဲ့ ပြည်မြန်မာလို့ အစိုးရအဆက်ဆက်တို့ ဆိုရိုးစကားဆိုခဲ့ ကြပါတယ်။ ပြောခဲ့ကြပါတယ်။ အခုတော့ပြောနေရုံနဲ့မပြီးဘဲ လက်တွေ့လုပ်ဆောင်ပေးဖို့ လိုအပ်နေပြီ ဖြစ်ပါတယ်။

ဒါကြောင့်မို့လို့ ကမ္ဘာ့အမွေအနှစ် ရန်ပုံငွေအဖွဲ့ (Global Heritage Fund) မှထုတ်ပြန်ထားတဲ့ အစီရင်ခံစာမှာပါတဲ့ အာရှတိုက်ရဲ့ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရသော ယဉ်ကျေးမှု အမွေ အနှစ်(၁၀)ခုစာရင်းမှ လွတ်ကင်းလာတဲ့အထိ မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ပြည်ထောင်စုအစိုးရက ပြန်လည်ပြုပြင်မွမ်းမံပေးခြင်း၊ အဲဒီလိုပြုပြင်မွမ်းမံပေးရာမှာလည်း ရှေးဟောင်းသုတေသန နည်းစနစ်နဲ့ အညီပြုပြင်ခြင်းနဲ့ ဇုန်နယ်မြေအလိုက် တည်ဆဲရှေးဟောင်းသုတေသန ဥပဒေနဲ့အညီ ကာကွယ် ထိန်းသိမ်းပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာဖြင့် ကျွန်တော်မေးမြန်း အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ ပတ်သက်ပြီး ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၆။**

**ဦးသန်းဆွေ (ဒုတိယဝန်ကြီး၊ ယဉ်ကျေးမှုဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီးများအားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ယဉ်ကျေးမှုဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးဖြစ်ပါတယ်။ ရခိုင်ပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်ကျော် မေးမြန်းတဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်ရှိ ရှေးဟောင်းမြို့တော် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ထိန်းသိမ်းမှုညံ့ဖျင်းခြင်းကြောင့် အာရှတိုက်ရဲ့ စိုးရိမ်ဖွယ်ရာအခြေအနေနှင့် ရင်ဆိုင်နေရပါတယ်လို့ဆိုခြင်းဟာ စာရင်းသတ်မှတ်သူတို့က ၎င်းတို့၏စံနှုန်း၊ ၎င်းတို့၏အယူအဆဖြင့် သတ်မှတ်ထားခြင်းသာဖြစ်ပါတယ်။ ကမ္ဘာ့အမွေအနှစ်များကို စံနှုန်းသတ်မှတ်ပြီး ထိန်းသိမ်းပေးလျက်ရှိတဲ့ UNESCO အဖွဲ့ရဲ့စံနှုန်းဖြင့် သတ်မှတ်ခြင်းမဟုတ်ပါဘူးခင်ဗျာ။ မြောက်ဦး ယဉ်ကျေးမှုအမွေအနှစ်ဒေသအတွင်း ရထားလမ်းဖောက်လုပ်သည့် ကိစ္စမှာလည်း ဒေသဖွံ့ဖြိုးတိုးတက်မှုအတွက်ဆောင်ရွက်ခဲ့သည့် ကိစ္စဖြစ်ပါတယ်။ ရှေးဟောင်းအဆောက်အဦများနဲ့ လွတ်ကင်းတဲ့လမ်းကြောင်း၊ မြို့ရိုးအရံအတားများကို ထိခိုက်မှုမရှိစေသော လမ်းကြောင်းကို ယဉ်ကျေးမှုဝန်ကြီးဌာနမှ တာဝန်ရှိသူများကိုယ်တိုင်ကွင်းဆင်းပြီး စစ်ဆေးထားပေးခဲ့ပါတယ်။ မြန်မာနိုင်ငံဟာ ဗြိတိသျှကိုလိုနီအဖြစ် အုပ်ချုပ်ခြင်းခံရစဉ်က မန္တလေးနန်းမြို့ရိုးအတွင်း ဖြတ်ဖောက်တဲ့ မန္တလေး-မတ္တရာ ရထားလမ်း၊ တောင်ငူမြို့ဟောင်းရဲ့မြို့ရိုးအတွင်းဖြတ်ဖောက်တဲ့ မန္တလေး-ရန်ကုန်ရထားလမ်းများဟာ တမင်ရည်ရွယ်ချက်ဖြင့် နန်းမြို့ရိုးများကိုဖျက်ကာ ဖြတ်ဖောက်ခဲ့ခြင်းဆိုတာ ထင်ရှားပါတယ်။

မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ဟိုတယ်၊ မိုတယ်များဆောက်လုပ်ခြင်းများကို တစ်ဖက်၌ ယဉ်ကျေးမှု အမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေး ဥပဒေအရ ထိန်းသိမ်းလျက်ရှိပြီး တစ်ဖက်၌လည်း မြို့သူ/မြို့သား အများပြည်သူတို့ နေရာထိုင်ခင်းအတွက် တည်ဆောက်နေထိုင်ခြင်းများအတွက် ဥပဒေပါ ပြဋ္ဌာန်းချက်များအနက်မှ ဖြေလျှော့ပေးနိုင်မှုများကို ယဉ်ကျေးမှုဝန်ကြီး ဌာနအနေဖြင့် ဖြေလျှော့ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မြောက်ဦးဒေသကို ၁၉၅၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ အခန်း(၃)၊ ပုဒ်မ ၄ အရ အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ၉-၃-၂၀၁၂နေ့ ရက်စွဲပါ ကြေညာချက်ဖြင့် ရှေးဟောင်းအဆောက်အအုံ တည်ရှိရာဇုန်၊ ရှေးဟောင်းနေရာတည်ရှိရာဇုန်နဲ့ ကာကွယ်ထိန်းသိမ်းထားသော ဇုန်များအဖြစ် သတ်မှတ်ပြီးတော့ ကာကွယ်စောင့်ရှောက်ခဲ့ပါတယ်။ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသအတွင်း ရှေးဟောင်းအဆောက် အအုံများ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းကို ၁၉၉၈ ခုနှစ် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ကာကွယ်ထိန်းသိမ်းရေးဥပဒေ၊ နည်းဥပဒေတို့နဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။

ထိုကဲ့သို့ ဥပဒေ၊ နည်းဥပဒေ၊ စည်းကမ်းများ သတ်မှတ်ကာ ဥပဒေဖြင့် ကာကွယ်ထိန်းသိမ်း စောင့်ရှောက်လျက်ရှိတဲ့ကြားထဲက ကျူးကျော်နေအိမ်များ တည်ဆောက်နေခြင်းမျိုးများကိုလည်း တွေ့ရပါတယ်။ မြောက်ဦးရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်ဒေသအား ထိခိုက်စေမည့်၊ ပျက်စီးစေနိုင်သည့် တိုးချဲ့မှုများ မရှိစေရေး ကြိုတင်ကာကွယ်နိုင်ရန် ဥပဒေအရတားမြစ်ခြင်း ဖြစ်သော်လည်း တစ်ဖက်က လူဦးရေတိုးပွားမှုအရ နေထိုင်ရန် လိုအပ်လာသည့် တိုးချဲ့မှုများ ထပ်မံရှိလာနိုင်ပါတယ်။ သို့ဖြစ်ပါ၍ ရခိုင်ပြည်နယ်အစိုးရအဖွဲ့ မြေယာစီမံခန့်ခွဲခြင်းနဲ့ မြို့ပြစီမံကိန်းရေးဆွဲခြင်းနဲ့ သက်ဆိုင်သော ဝန်ကြီးဌာနများ၊ ဒေသခံပြည်သူလူထုများအနေဖြင့် ယဉ်ကျေးမှုအမွေအနှစ်ဒေသများ ထိခိုက်ပျက်စီးခြင်း မခံရစေရန် ပြည်သူလူထုအားအသိပေး၊ ပညာပေးရေးလုပ်ငန်းများကို ယဉ်ကျေးမှုဝန်ကြီးဌာနနဲ့အတူ ပူးပေါင်းဆောင်ရွက်ပေးရန်လိုအပ်လျက်ရှိပါတယ်။ မြောက်ဦးယဉ်ကျေးမှုအမွေအနှစ်ဒေသကို ပြုပြင် ထိန်းသိမ်းမှုလုပ်ငန်းများဆောင်ရွက်ရာမှာလည်း UNESCO အဖွဲ့မှချမှတ်ထားတဲ့ ထိန်းသိမ်းရေးမူ၊ ဌာနရဲ့ ထိန်းသိမ်းရေးမူတို့ဖြင့် ပြုပြင်ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ၁၉၉၂-၁၉၉၃ ဘဏ္ဍာနှစ်မှ ၂၀၁၃-၂၀၁၄ ဘဏ္ဍာရေးနှစ်အထိ နှစ်အလိုက် ရန်ပုံငွေသုံးစွဲမှုများ စုစုပေါင်း ကျပ်(၆၄၀၇.၀၃)သိန်း ရှိခဲ့ပါတယ်။

နိုင်ငံတော်ဘဏ္ဍာငွေဖြင့် ပြုပြင်မှုတန်ဖိုး စုစုပေါင်း (၆၄၀၇.၀၃)သိန်းဖြစ်ပြီး ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်မှ ၂၀၀၄-၂၀၀၅ ဘဏ္ဍာရေးနှစ်အထိ ပြည်သူလူထုလှူဒါန်းငွေ စုစုပေါင်းမှာ (၆၇၉.၇၃)သိန်း ဖြစ်သဖြင့် စုစုပေါင်းတန်ဖိုး ကျပ်သိန်းပေါင်း(၇၀၈၆.၇၆) သိန်းကို အသုံးပြုပြီး မြောက်ဦးယဉ်ကျေးမှု အမွေအနှစ် ဒေသအတွင်း ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများ ဆောင်ရွက်ပြီးဖြစ်ပါတယ်။ ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်အတွက် ရန်ပုံငွေကျပ်သိန်း (၆၇၂၀) ခွဲဝေတောင်းခံထားရှိပါတယ်။ ထို့အပြင် မြောက်ဦး ဒေသကို ရှေးဟောင်းသုတေသနဥယျာဉ် (Archaeological Park)အဖြစ် ဖော်ဆောင်သွားရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့နှင့် ညှိနှိုင်းထားရှိလျက်ရှိပါတယ်။ ယဉ်ကျေးမှုဝန်ကြီးဌာနအနေဖြင့် အမျိုးသား ယဉ်ကျေးမှုအဆင့်အဖြစ် သတ်မှတ်သင့်သော ယဉ်ကျေးမှုဇုန်များ၊ ပြတိုက်များ၊ စာကြည့်တိုက်များ၊ ဇာတ်ရုံများကို ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၆၊ ဇယား(၁)နှင့်အညီ ပြည်ထောင်စုအဆင့်မှ တာဝန်ယူ ဆောင်ရွက်သွားမည်ဖြစ်ရာ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသနှင့် သုဝဏ္ဏဘူမိ သထုံဒေသတို့ကို အမျိုးသားယဉ်ကျေးမှု အမွေအနှစ်နယ်မြေအဖြစ်သတ်မှတ်ရန် ယဉ်ကျေးမှုဝန်ကြီးဌာန စီမံခန့်ခွဲမှု ကော်မတီ အစည်းအဝေးမှာ ဆွေးနွေးပြီး ပြည်ထောင်စုအစိုးရကို တင်ပြသွားရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်တော်ကြီး မေးမြန်းထားရှိသော မေးခွန်းနှင့် စပ်လျဉ်း၍ မြောက်ဦးယဉ်ကျေးမှု အမွေအနှစ်ဒေသကို နှစ်အလိုက် ထိန်းသိမ်းလျက်ရှိပါကြောင်းနဲ့ ပြုပြင်ထိန်းသိမ်းမှုများကို တိုးမြှင့်ပြုပြင်ထိန်းသိမ်းရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ပြန်လည် ဖြေကြားအပ်ပါတယ်ခင်ဗျား။

**အချိန်၊ ၁၀း၃၃။**

**ဥက္ကဋ္ဌ။** ။ မြောက်ဦးရှေးဟောင်းဒေသနဲ့ပတ်သတ်လို့ ကျွန်တော်က ယဉ်ကျေးမှုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် အစောကြီးကတည်းက စိတ်ဝင်စားပါတယ်။ အဲဒီမြောက်ဦးဒေသကို ပစ်ထားတယ်ဆိုတဲ့ စကားကတော့မှားတယ်။ ဘာကြောင့်လဲဆိုတော့ ကျွန်တော် ဗိုလ်မှူးလောက်ထဲက ဦးကျော်ထွန်းအောင် တို့ဆို သုတေသနအရာရှိတွေ၊ ရုံးရှိနေပြီ၊ ပြတိုက်ရှိနေပြီဆိုတာ ဒါပစ်ထားတာ

တော့မဟုတ်ဘူး။ ဒီဒေသကိုရှေးဟောင်း world heritage မဝင်ပါဘူး။ ဦးကျော်ကျော် ပြောတာ မှားနေတယ်။ ထိုင် ၊ ထိုင်။ ကမ္ဘာ့အမွေအနှစ်စာရင်းမဝင်သေးဘူး။

မြန်မာနိုင်ငံမှာ ကမ္ဘာ့အမွေနှစ်စာရင်းဝင်ဖို့အတွက် ပထမဦးဆုံးစပြီးတော့ ကြိုးစားခဲ့တာ ပုဂံပေါ့။ ပုဂံကြိုးစားတာမှ ဘယ်လောက် အထိလဲ ဆိုတော့ အဲဒီအထဲက လူနေအိမ်ခြေတွေကိုရွှေ့ပြီးတော့ ပုဂံမြို့သစ်တည်တဲ့ အဆင့်ထိလုပ်ခဲ့ပေမယ့် UNESCO ကကျေနပ်ခြင်းမရှိဘူး။ လက်မခံဘူး။ လူလုပ်တဲ့ အရာတွေ အကုန်လုံးကိုဖျက်စေချင်တယ်။ သဘောက ကတ္တရာလမ်းတွေဖျက်စေချင်တယ်။ ဘုရားတွေရဲ့ ထီးတွေဖြုတ်စေချင်တယ်ဆိုတော့ မြောက်ဦးကိုအဲဒီလို လုပ်မယ်ဆိုရင်လည်း အဲဒီလိုရွှေ့ရမယ့် အခြေအနေတွေအများကြီးရှိတယ်။ လူနေအိမ်ခြေတွေရွှေ့ရမယ်။ ခုနကကျူးကျော်ပေါ့ အဲဒီတော့ ပျူမြို့ဟောင်းသုံးခုလုပ်တာတောင် ဒီဘုန်းကြီးကျောင်းကျူးကျော်မှု လူနေအိမ်ခြေကျူးကျော်မှုပြဿနာ တော်တော်လေးရှိတယ် ကျွန်တော်တို့လူမျိုးက ဝိုင်းထိန်းသိမ်းမယ်ဆိုတဲ့ စိတ်ဓာတ်မရှိဘူးပေါ့။ ဒီရှေးဟောင်းယဉ်ကျေးမှုထိန်းသိမ်းဖို့ ရခိုင်သားတွေမှာပဲတာဝန်ရှိတယ်။ အဓိကက ဝန်ထမ်းကအင်အားနည်းနည်းလေးပဲ။ ဝန်ထမ်းဆိုတာကပစ္စည်းမပျောက်အောင် ခုနကရောင်စုံအုတ်တွေမပျောက်အောင်ဆိုတာ အဲဒီက လူတွေကတာဝန်ရှိတာ ထိန်းသိမ်းရမှာ ဝန်ထမ်းက ဒီ ရှေးဟောင်းပစ္စည်းခိုးတဲ့လူကို နိုင်အောင်ထိန်းသိမ်းနိုင်ခြင်းမရှိပါဘူး။ ရှေးဟောင်းက ဝန်ထမ်းတွေဆိုရင် ပုဂံမှာ ဒီ အာနန္ဒစေတီတော်မြတ်ကြီးမှာတောင် အခိုးခံရတာ။ ဒါကိုရှုပ်ရှုပ်ချွံချွံသက်စွန့်ဆံဖျား လိုက်ကာကွယ်ခဲ့ရတဲ့အနေအထားတွေ ရှိတယ်။

အဲဒီတော့ အဲဒီလိုအဲဒီလောက်ထိမစည်ကားတဲ့ဒေသကတော့ ပိုအခိုးခံရမှာပေါ့။ နောက်တစ်ခုက ပြုပြင်တယ်ဆိုတာ ပြုပြင်တိုင်းကောင်းတာမဟုတ်ဘူး။ ရှေးဟောင်းအဖြစ် ဖြစ်ချင်တယ်ဆိုရင် ရှေးဟောင်းအတိုင်းထားမှ ဒီနေရာမှာအယူအဆက(၂)မျိုးဖြစ်လာတယ်။ ကျွန်တော်တို့က ဗုဒ္ဓဘာသာနိုင်ငံဖြစ်တဲ့အတွက် ဘုရားစေတီကို ရှေးဟောင်းလိုထားပြီးပြစ်ထားမလား၊ ကိုးကွယ်မလားဆိုတဲ့ သဘောပေါ့။ ကိုးကွယ်မယ် ဆိုတဲ့သူတွေကတော့ ပြင်ချင်တာပေါ့။ ပြင်ချင်တော့ ပုဂံမှာဆိုလို့ရှိရင် ခုနက ရှေးဟောင်းကုန်းတွေကို တူးဖော်တယ်အုတ်မြစ်တွေတွေ့လို့ရှိရင် အဲဒီပုံစံအတိုင်း ပြန်ပြီးတော့တည်ခွင့်ပြုတယ်။ အဟောင်းတွေဆိုလို့ရှိရင်တော့ မပြိုပျက်အောင်ပဲ ထိန်းသိမ်းရတယ်။ မြောက်ဦးဘုရားကြီးက မိုးယိုတာဆိုရင် တော်တော်ပိုက်ဆံကုန်တယ်။ တော်တော်ကို လုပ်ခဲ့ရတာ ကျွန်တော်တို့လုပ်ခဲ့တာပဲ မိုးယိုလို့ အဲဒီတော့ ရှေးဟောင်းအတိုင်းထားမယ်ဆိုရင် မိုးယိုရင်ယိုတဲ့ အတိုင်းထားမလား ဆိုတဲ့အဖြေဖြစ်လာတဲ့အခါကျတော့ ဒါကြီးတော့အပျက်အစီးမခံနိုင်ဘူး။ ရှိုင်းကုမ္ပဏီနဲ့လုပ်မယ်ဆို သိန်းပေါင်းကို မြောက်မြားစွာပဲကုန်တာ ကျွန်တော် ကိုယ်တိုင်လည်း သွားကြည့်ခဲ့တဲ့ အနေအထားရှိပါတယ်။ ရှိတော့ မပျောက်ပျက်အောင်ကတော့ ဒေသသားတွေ ဝိုင်းထိန်းဖို့လိုတယ်။

ရှေးဟောင်းသုတေသနကတော့ သူကခုနကလို လုပ်ရမယ့် ကိစ္စတွေမှာ ကန့်သတ်ချက်တွေ တားမြစ်ချက်တွ အများကြီးရှိတယ်။ တကယ်ရှေးဟောင်း ဥပဒေအတိုင်း တိတိကျကျလုပ် ဆိုလို့ရှိရင် ရှေးဟောင်းကိုဘယ်သူမှ မကြိုက်တော့ဘူး။ ဘယ်သူမှ မကြိုက်တော့ဘူး။ ပုဂံမှာအဲဒီလိုပဲ ဟိုတယ်ကိစ္စတွေဆို ကျွန်တော်နဲ့ တော်တော်လေးကို လူကြီးပိုင်းထဲကပါ ထိပ်တိုက်တွေ့ခဲ့တယ်။ ကျွန်တော်တို့က ခွင့်မပြုဘူး။ ခွင့်ပြုချင်တဲ့လူက ခွင့်ပြုချင်တယ်။ သွားပြီး ချဉ်းကပ်တဲ့ အခါကျတော့ ဒါကို တရိုဂိုနဲ့ခွင့်ပြုအောင်လုပ်တယ်။ ကျွန်တော်တို့ဝန်ကြီးဌာန ကျွန်တော် အပါအဝင် ဝန်ထမ်းတွေအားလုံးက ပုဂံမှာ ဒီ ဟိုတယ်ကိုလုံးဝခွင့်မပြုဘူး။ ဒါခွင့်မပြုတော့ ပြောစရာက ပေါ်လာပြီ။ သူ့ဘေးနားမှာ ဟိုတယ်ရှိတယ်။

ဇုန်မသတ်မှတ်ခင်က ရှိတဲ့ဟိုတယ်ပါဆိုလည်းမရဘူး ဒါဇုန် မသတ်မှတ်ခင်က ရှိတဲ့အတွက် သူ့ကိုဖယ်လို့ မရဘူး။ ဇုန်သတ်မှတ်ပြီးတဲ့နောက်မှာ လုံးဝထပ်မပေးပါဘူး ဆိုသော်လည်း ဒါကို အတင်းတိုက်တိုက် ခိုက်ခိုက်နဲ့ လုပ်သွားတာမျိုးတွေထိကို တော်တော်လေး ကျွန်တော်တို့က တော်လှန်ပြီးတော့လုပ်ခဲ့ရတဲ့ အနေအထားရှိပါတယ်။ အဲဒီတော့ ဒီရခိုင်ဒေသ မြောက်ဦးဟာ တော်တော်လေး ထိန်းသိမ်းဖို့ဆိုတာက ဒီရှိနေတဲ့ အတိုင်းလေးကို လက်ရာမပျက်အောင် ဒေသသားတွေက အင်နဲ့အားနဲ့ဝိုင်းထိန်းပေးမှ၊ ဝန်ထမ်း တွေကို ကူညီမှ ဘတ်ဂျက်နဲ့လည်းမဆိုင်ဘူး၊ ဝန်ထမ်းအင်အားနဲ့လည်းမဆိုင်ဘူး ဒါကိုသဘောပေါက်ဖို့ လိုပါတယ်။ သဘောပေါက်ပြီနော်။

**လမ်းမကြီးများ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခြင်း**

**အချိန်၊ ၁၀း၃၆။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ လမ်းမကြီးများဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေးရန် လွှတ်တော်ကိုယ်စားလှယ် နှစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။ပထမဦးစွာ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးခင်မောင်ရီ ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၃၆။**

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ဧရာဝတီတိုင်းဒေသကြီးမဲဆန္ဒနယ် အမှတ်(၆) က ဦးခင်မောင်ရီ အနေနဲ့ ဥက္ကဋ္ဌကြီးခွင့်ပြုချက်အရ လမ်းမကြီးများဥပဒေနဲ့ပတ်သက်လို့ ကျွန်တော် တင်ပြဆွေးနွေးရန်ရှိပါတယ်။ အဲဒါကတော့ ကျွန်တော်တို့ ဒီ ဥပဒေကြမ်းကော်မတီက တင်ပြတဲ့ အစီရင် ခံစာမှာပါတဲ့အပိုဒ် (၇) (က) မည်သူမဆို ဆောက်လုပ်ရေးလုပ်ငန်း၏ခွင့်ပြုချက်မရှိဘဲ အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခံရလျှင် ထိုသူကိုထောင်ဒဏ်(၃)နှစ် ထက်မပိုသော ထောင်ဒဏ်ကို ဖြစ်စေ အနည်းဆုံးကျပ်တစ်သိန်းမှ အများဆုံး ကျပ် တစ်ဆယ်သိန်း ထက်မပိုသော ဒဏ်ငွေ ဖြစ်စေ နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။ (၁) လမ်းမကြီးများကို ဖြတ်သန်း၍ တစ်စုံတစ်ရာ ဖောက်လုပ်ခြင်း သို့မဟုတ် ဆောက်လုပ်ခြင်း၊ (၂)လမ်းမကြီးများ၏ နယ်နိမိတ်အတွင်း အဆောင်အအုံ ဆောက်လုပ်ခြင်း၊ (၃)လမ်းမကြီး နယ်နိမိတ်အတွင်း ကန်တူးဖော်ခြင်း၊ မြေတူးခြင်း၊ ဒါပုဒ်မခွဲ (ခ) ကတော့ထပ်မံကျူးလွန်ရင် သုံးနှစ်ထက် မပိုသော ထောင်ဒဏ်နဲ့ တစ်သိန်းမှဆယ်သိန်း ထက်မပိုသောငွေဒဏ် ဆိုတာပါပါတယ် ဒါဟာမှန်ပါတယ်။ ဆောက်လုပ်ထားတဲ့ ငွေကုန်ကြေးကျများစွာ ကုန်ကျခံပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး အတွက် ဆောက်လုပ်ထားတဲ့လမ်းမကြီးတွေဟာ ဥပဒေနဲ့ကာကွယ်ဖို့လိုကြောင်း ကျွန်တော်ထောက်ခံ ပါတယ်။

ဒါပေမဲ့ ကျွန်တော်တို့ခုဖြစ်နေတာက ကျွန်တော့်မဲဆန္ဒနယ် ဖြစ်ပါတယ် ကျွန်တော် ကြံခင်း၊ မြန်အောင် မဲဆန္ဒနယ်ကိုကိုယ်စားပြုပြီးတော့ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)လို့ သတ်မှတ် ထားတာဖြစ်ပါတယ်။ အဲဒီမှာတော့ ကျွန်တော်တော့ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌကြီး တင်ပြတော့ ဥက္ကဋ္ဌကြီး က ဘယ်လိုပြောလဲဆိုတော့ မဟုတ်ပါဘူး၊ လမ်းအရင်လား၊ ရွာအရင်လားဆိုတာ သေချာဆုံးဖြတ်ချက်ရှိ

ပါတယ်။ ကျွန်တော်လည်း အဲဒါလေးကိုသဘောပေါက်ပါတယ်၊ ပေါက်သော်ငြားလည်း လက်တွေ့ ဖြစ်နေတာကတော့ ဆောက်လုပ်ရေးဌာနကလည်း အထက်လမ်းညွှန်ချက် အရဆိုပြီးတော့ notice တွေပေး၊ ဖယ်ခိုင်း၊ ရွှေ့ခိုင်း ဖြစ်နေပါတယ်။ ကျွန်တော် ဒါနဲ့ပတ်သက်လို့တင်ပြရရင် ကြံခင်းမြို့နယ်အတွင်းမှာ ပြည်ထောင်စုလမ်းမကြီးက တစ်ခုရှိပါတယ်။ ခရိုင်ချင်းဆက်လမ်းမကြီးတစ်ခုရှိပါတယ်။ ပြည်ထောင်စုလမ်းမကြီးဆိုတာကတော့ အားလုံးသိနေတဲ့ ပုသိမ်-ရေဦး-မုံရွာလမ်းမကြီးလို့ခေါ်ပါတယ်။ အဲဒါက ပုသိမ်ကနေပြီးတော့ ငါးသိုင်းချောင်း၊ ငါးသိုင်းချောင်းကနေပြီးတော့ အနောက်ရိုးမကိုဖြတ်ပြီးတော့ ဟင်္သာတခရိုင်ဖြစ်တဲ့ အင်္ဂပူ၊ မြန်အောင်၊ ကြံခင်း ကိုဖြတ်ပါတယ်။ ကြံခင်းမြို့နယ်ဆုံးသွားရင်တော့ ပဲခူးတိုင်း၊ ပြည်ခရိုင်ထဲဝင်သွားပြီးတော့ ဥသျှစ်ပင်ဘာညာ ပန်းတောင်းကနေပြီးတော့ အထက်ထိအောင် ဆက်တက်ပါတယ်။ အဲဒီမှာ ကျွန်တော်တို့ ကြံခင်းမြို့နယ်ကတော့ မြန်အောင်နယ်စပ် ကိုးဆူကြီးဆိုတဲ့ရွာလောက်ကစပြီးတော့ သူကအပေါ်ကို၊ မြောက်ဘက်ကို ဦးတည်ပြီးသွားမယ်ဆို ဘယ်ဘက်က၊ လက်ဝဲဘက်ကတောင်ကုန်းတွေ ဖြစ်ပါတယ်။ လက်ယာဘက်ကတော့ သျှိုမြောင်တွေနဲ့ မြေပြင်တွေ၊ မြေပြန့်တွေရှိပါတယ်။ ဒါကြောင့် တောင်ကုန်းဒေသတွေမှာ လူနေအိမ်ခြေများနဲ့ ယာတွေရှိသလို လက်ဝဲဘက်မှာလည်း လယ်များနဲ့ အိမ်များရှိပါတယ်။ အဲဒီလမ်းကိုဖောက်တာ ၁၉၈၆ လို့ ကျွန်တော်တို့ ကောင်းကောင်း မှတ်မိလိုက်ပါတယ်။ အဲဒီအချိန်ဖောက်တုန်းက အဲဒီ လယ်တွေ၊ ယာတွေကြားထဲက ဖြတ်ဖောက်တာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ လယ်တွေ၊ ယာတွေဖြတ်ဖောက်ပေမယ့် ထိုအချိန်တုန်းကတော့ အဲဒီခေတ်အခြေအနေအရ လမ်းမကြီးများ နယ်နိမိတ်သတ်မှတ်တာ ဘာညာမရှိခဲ့ပါဘူး။ မရှိဘဲဖောက်သွားတယ်။ ဖောက်တုန်းကတော့ခပ်သေးသေးပဲ၊ နောက်တော့ ဒီနိုင်ငံခြားအကူအညီနဲ့ဖောက်တယ်။ တိုးချဲ့တိုးချဲ့ရင်းနဲ့ လမ်းမကြီးအဆင့်ရောက်သွားတယ်။ အင်မတန်လည်းသွားရေးလာရေး ကောင်းပါတယ်။ ကျွန်တော်တို့ ဒါ ပြည်ထောင်စုကိုတကယ်အကျိုးပြုတဲ့ လမ်းမကြီးတစ်ခုဖြစ်တယ်ဆိုတာလည်း ဒေသကဝမ်းသာပါတယ်။ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်လည်း အထောက်အကူပြုပါတယ်။ ကျွန်တော်တို့ ဖြတ်သွားတဲ့ကျေးရွာအုပ်စု (၁၀)ခုရှိပါတယ်။ ကျွန်တော်အစဉ်လိုက်အောက်က တောင်ကနေမြောက်ကိုဖတ်ပြရရင် ပိုးစုကြီး ကျေးရွာအုပ်စု၊ ပေါက်ငယ်စမ်းကျေးရွာအုပ်စု၊ ကြို့ပင်စုကျေးရွာအုပ်စု၊ ရှောက်ခုံကျေးရွာအုပ်စု၊ ကြာအင်း ကျေးရွာအုပ်စု၊ ဖရဲမြို့၊ ဖရဲဟာ ပြီးခဲ့တဲ့ အဋ္ဌမအကြိမ် လွှတ်တော်တုန်းမှ မြို့အဖြစ်ကျသွားတာဖြစ်ပါတယ်။

ယခင်တုန်းကတော့ သူလည်းကျေးရွာအုပ်စုပါပဲ။ ကွမ်းအစ်ကုန်းကျေးရွာအုပ်စု၊ အလုံကျေးရွာအုပ်စု၊ ဇီးပင်ကွင်းကျေးရွာ အုပ်စုနဲ့ သစ်စိမ့်ကိုင်းကျေးရွာအုပ်စု အုပ်စုကြီးဆယ်ခုလုံး ဖြတ်ပါတယ်။ ဖြတ်တော့ ကျေးရွာအုပ်စုက နဂိုကတည်းက ရှိနေတာဖြစ်တဲ့အတွက်ကြောင့် လူနေအိမ်ခြေများကို ရှောင်ပြီးတော့ လယ်ကွင်းနဲ့ ယာတွေကိုပဲ ဖြတ်ဖောက်သွားတာဖြစ်တဲ့အတွက်ကြောင့် ဘယ်သူ့ကိုမှ ဖယ်ခိုင်းခဲ့ခြင်းလည်းမရှိခဲ့ပါဘူး။ ဒါကြောင့်ဒီအတိုင်းပဲ နေမြဲအတိုင်းနေနေပါတယ်။ ရွာဖြစ်တယ် ရှေးရွာကြီးတွေဖြစ်တဲ့အတွက်ကြောင့် နှစ်ပေါင်းလေးငါး ခြောက်ဆယ်နေခဲ့တဲ့ရွာ ဖြစ်တဲ့အတွက်ကြောင့် ရွာမြေထဲမှာ သာသနိကအဆောက်အအုံတွေ ဘုရားကျောင်းကန်တွေပါတယ်။ စာသင်ကျောင်းတွေရှိတယ်။ ကျေးရွာအုပ်ချုပ်ရေးမှူးရုံးတွေရှိတယ်။ နောက်ပြီးကျွန်တော်တို့ ဆေးခန်းတွေရှိတယ်။ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးတွေရှိတယ်။ အဲဒီလို သစ်တောရုံးတွေအကုန်ရှိပါတယ်။ သစ်တောစိုက်ခင်းတွေလည်း ရှိပါတယ်။ ကျွန်းစိုက်ခင်းတွေလည်း ရှိပါတယ်။

အဲဒီလိုရှိခဲ့တာနှစ်ပေါင်းများစွာကြာပြီးတော့မှ အခုကျမှကျွန်တော်တို့ ပြီးခဲ့တဲ့ အဌမအကြိမ်အပြီး ကျွန်တော်မဲဆန္ဒနယ်ကိုဆင်းတဲ့အချိန်မှာ ရုတ်ရုတ်သဲသဲ ဘာတွေဖြစ်နေတာလဲ ဆိုတဲ့အခါကျတော့ အဲဒီဒေသ လမ်းဘေးဝဲ/ယာကရွာတွေကို လမ်းမကြီးထုံးစံအတိုင်း အလယ်ကောင်ငုတ်စိုက် ဘယ်နဲ့ညာကို ပေ(၁၅၀) ဆွဲပြီးတော့ နယ်နိမိတ်အတွင်းကျတာတွေ ဖယ်ဆိုပြီး Notice လိုက်ပေးတဲ့အခါကျတော့ တော်တော်လေး ရုတ်ရုတ်သဲသဲဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျေးရွာအုပ်စု(၁၀)စု၊ လမ်းဘေးဝဲ/ယာဆို အိမ်ခြေပေါင်း က (၄၀၀)နီးပါးရှိပါတယ်။ အိမ်ခြေ(၄၀၀)ဆိုတာ လူဦးရေက (၁၀၀၀)၊ (၂၀၀၀) လောက်ရဲ့ အပေါ်မှာသက်ရောက်မှုတွေ အများကြီးရှိပါတယ်။ ဘုရား၊ ကျောင်း၊ ကန်တွေပါတယ်။ နောက်ပြီး ပြောခဲ့တဲ့ အစိုးရအဆောက်အဦတွေ ပါ ပါတယ်။ အဲဒါကြောင့် ကျွန်တော် တော်တော်လေးရုတ်ရုတ်သဲသဲဖြစ်တဲ့ အခါကျ ကျွန်တော်က မြို့နယ်အုပ်ချုပ်ရေးမှူးကို မေတ္တာရပ်ခံပါတယ်။ ဒါနဲ့ပတ်သက်လို့ ထိန်းထိန်းသိမ်းသိမ်းလုပ်စေချင်ပါတယ်၊ ဘာကြောင့်လဲဆို ဒါတွေ ရန်ကုန်ကဘက်မှာလည်း မြေသိမ်းကိစ္စတွေ တော်တော်လေးရှုပ်နေတယ်။ ဌာနဆိုင်ရာလုပ်ငန်းကို ကျွန်တော်တို့ဝင်နှောက်ယှက်လို့မရပါဘူး။ သူလုပ်တာ ထုံးစံအတိုင်းလုပ်မှာဖြစ်ပါတယ်။ သို့သော်လည်း ဒါတွေထိန်းထိန်းသိမ်းသိမ်း ဖြစ်စေချင်ပါတယ်။ ဥက္ကဋ္ဌလည်းသဘောပေါက်တယ်။ မြို့နယ်အုပ်ချုပ်ရေးမှူးလည်း သဘောပေါက်ပါတယ်။ သူလည်း တော်တော်လေးတော့ပြောထားပါတယ်။ ကျွန်တော်လည်းပဲ တိုင်းဒေသကြီးဝန်ကြီးချုပ်ကို ပန်ကြားပါတယ်။ ကျွန်တော့်ရဲ့ မဲဆန္ဒရှင်တွေရဲ့ ဒုက္ခအခက်အခဲကို ဒါကိုကြည့်ပေးပြီး၊ ကူညီပေးပါ။ ရွာကအရင်ဖြစ်တယ်။ လမ်းကနောက်မှဖောက်တယ်။ လမ်းဖောက်စဥ်ကလည်း လမ်းနယ်နိမိတ်မသတ်မှတ်ဘူး။ လမ်းဟာ တစ်ဖြည်းဖြည်းနဲ့ ကျယ်သွားခြင်းဖြစ်ပါတယ်လို့ ကျွန်တော်တင်ပြခဲ့တာ ရှိပါတယ်။

ဒုတိယလမ်းကတော့ ကြံခင်းကနေထွက်ရင် ကြံခင်းက ဖရဲသွားတဲ့လမ်းရှိပါတယ်။ အဲဒီလမ်းလေးဟာ ဟိုတုန်းက ကြံခင်းဘိလပ်မြေစက်ရုံဖောက်စဥ်က ခြေသွားလမ်းသာသာကို ဘူဒိုဇာနဲ့ တစ်ကြောင်းထိုးလမ်းဖောက်ခဲ့တဲ့ လမ်းကြမ်းပါခင်ဗျား။ ကမ်းနားကနေပြီးတော့ ဘိလပ်မြေစက်အတွက် ကုန်ပစ္စည်း၊ ကုန်ကြမ်းသယ်ယူလို့ရအောင် ဖောက်ခဲ့တဲ့လမ်းဖြစ်ပါတယ်။ နောက်ကျတော့ ဒါဟာ စည်ပင်သာယာလမ်းဖြစ်သွားပါတယ်။ အဲဒီတော့ ကြံခင်းမြို့ထဲက ထွက်ရင် ကြံခင်းကနေ မြို့ဝင်ဂိတ်ထိအောင် စည်ပင်သာယာက ထိန်းသိမ်းပါတယ်။ အဲဒီမြို့ဝင်ဂိတ်ကနေပြီးတော့ စက်ရုံအလွန်လောက် အထိအောင် စက်ရုံကထိန်းသိမ်းပါတယ်။ သူကကွန်ကရစ်ခင်းထားတာပါ။ စက်ရုံလွန်သွားရင် သူကဆောက်လုပ်ရေးလမ်းထဲပြန်ဝင်ပါတယ်။ (၃)ပိုင်းကွဲနေပါတယ်။ အဲဒါလည်းသူက ကျေးရွာအုပ်စုတွေကို ဖြတ်သွားပါတယ်။ ဥပမာ ကြံခင်းမြို့ကနေ ထွက်လိုက်တာနဲ့ မြို့မ၊ မြို့မပြီးရင် ပန်းရုံစုကျေးရွာအုပ်စု၊ တလိုင်းကွင်းကျေးရွာအုပ်စု၊ သဲဖြူကျေးရွာအုပ်စု၊ ချင်းမြောင်ကျေးရွာအုပ်စု၊ ကလိုကွင်းကျေးရွာအုပ်စု၊ ဖရဲမြို့ဆိုပြီးတော့ အဆင့်ဆင့်ဖြတ်သွားတာဖြစ်ပါတယ်။ အဲဒါလည်း စောစောကအတိုင်းပါပဲခင်ဗျား။ ခြေသွားလမ်းကို ဘူဒိုဇာနဲ့ တစ်ကြောင်းထိုးဖောက်စဥ်တုန်းကရှိခဲ့တဲ့ ရှေးကျောင်းကြီးတွေဆိုရင် ဘုန်းကြီးကျောင်းကြီးတွေဆိုရင် နှစ်ပေါင်း လေးငါးရှစ်ဆယ်ရှိတဲ့ ကျောင်းတော်ကြီးတွေ၊ စေတီတွေ၊ ဘုရား၊ ကျောင်း၊ ကန်တွေရှိသလို ဆောက်လာတဲ့ ပန်းရုံစု အ.မ.ကတို့ ကျွန်တော်တို့ ဒီသဲဖြူ အ.မ.က၊ ဒီလို အ.မ.က ကျောင်းတွေရော၊ အုပ်ချုပ်ရေးမှူးရုံးတွေရော၊ ဆေးခန်းတွေရော၊ အိမ်တွေရောများစွာ ရှိပါတယ်။ တချို့ အိမ်တွေက အိမ်ကြီးရခိုင်တွေပါ၊ တိုက်တာတွေပါ၊ ဒါတွေလည်းပဲ စောစောက ကျွန်တော်တို့ပေးထားတဲ့ Notice ပေးတဲ့အထဲမှာ ပါနေပါတယ်။ လမ်းဖောက်ပြီးမှ နောက်မှလာ ကျူးကျော်တဲ့အိမ်တွေက ကွာပါတယ်။ သိသာပါတယ်။ အိမ်ရဲ့ သက်တမ်းက သိပ်ကိုသိသာပါတယ်။ ရှေးတုန်းကရှိခဲ့တဲ့ အိမ်နဲ့ရွာတွေကလည်း

သိသာပါတယ်။ အဲဒီလမ်းကြီး(၂)လမ်းနဲ့ ပတ်သက်ပြီးတော့ စောစောတုန်းက လမ်းမကြီးများ ဥပဒေထဲမှာ အကျုံးဝင်ရင်တော့ စောစောက ပြောထားတဲ့ ရေဦး-မုံရွာလမ်း ဖြစ်ပါလိမ့်မယ်။

ဒုတိယလမ်းဖြစ်တဲ့ ကြံခင်း-ဖရဲလမ်းကတော့ ပြည်ခရိုင်နဲ့ ဟင်္သာတခရိုင်(၂)ခုရဲ့ ခရိုင်ချင်း ဆက်လမ်းကြီးလို တစ်ခုဖြစ်ပါတယ်။ ဒီ(၂)ခုဟာ ကျွန်တော့် မဲဆန္ဒနယ်ထဲမှာ ပြည်သူလူထုများ စိတ်မချမ်း မသာဖြစ်နေတဲ့ လမ်းတွေဖြစ်ပါတယ်။ ဒါ့ကြောင့် ဒါနဲ့ပတ်သက်လို့ ဒီဥပဒေအတိုင်းသာ အတိအကျ အရေးယူမယ်ဆိုရင် အပြစ်မဲ့တဲ့ပြည်သူတွေပါ အရေးယူရမယ့် သဘောဖြစ်နေပါတယ်။ ဒါနဲ့ ပတ်သက်လို့ နိုင်ငံတော်ဘက်က ဒါကိုသေချာလေးကွင်းဆင်းလေ့လာပြီးတော့ စဉ်းစဉ်းစားစားနဲ့ ဆောင်ရွက်စေလိုတဲ့ အတွက်ကြောင့် အများပြည်သူများရဲ့ အကျိုးငှာ ဥက္ကဋ္ဌကြီးမှတစ်ဆင့် တင်ပြဆွေးနွေးရခြင်းဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇) မှ ဦးနိန်းခင်းပေါင် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၄၄။**

**ဦးနိန်းခင်းပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)။** ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးနိန်းခင်းပေါင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်၊ ဥပဒေ ကြမ်းကော်မတီရဲ့ လမ်းမကြီးများဥပဒေကို ပြင်ဆင်တဲ့ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာပါ ပုဒ်မ ၂(က)၊ ပုဒ်မခွဲငယ်(၂)အရ လမ်းမကြီးရဲ့ နယ်နိမိတ်အတွင်း မလွတ်ကင်းသည့် ဈေးဆိုင်၊ အဆောက် အဦဆောက်လုပ်ခြင်းကိစ္စကို အနည်းငယ် ဆွေးနွေးသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ်အမျိုးသားလွှတ်တော် အဋ္ဌမအကြိမ် ပုံမှန်အစည်းအဝေး ၁၀-၁၀-၂၀၁၃ ရက်နေ့မှာ ကြယ်ပွင့်မပြမေးခွန်းအဖြစ် တွန်းဇံမြို့လမ်းအပိုင်း (၃၆)မိုင်အား လမ်းအဆင့် မြှင့်တင်ပေးခြင်း၊ မြို့တွင်းလမ်းအား (၂)လမ်းသွား တိုးချဲ့မြှင့်တင်ပေးခြင်းနဲ့ ကတ္တရာခင်းခြင်းတို့ကို အစီ အစဉ် ရှိ/မရှိနဲ့ မေးခွန်းမေးမြန်းခဲ့ရာတွင် ချင်းပြည်နယ်၊ ဖလမ်းခရိုင်၊ ခရိုင်အင်ဂျင်နီယာမှူး၊ ပြည်သူ့ ဆောက်လုပ်ရေးမှ မိမိတို့တာဝန်ယူဆောင်ရွက်သော လမ်းအပိုင်းသည် တီးတိန်-တွန်းဇံရထားလမ်းမိုင် (၁၂/၀)မှ (၄၈/၀)မိုင်အထိ (၃၆)မိုင်ရှည်လျားပြီး ၃၁-၃-၂၀၁၃ ရက်နေ့တွင် ကတ္တရာလမ်း (၁)မိုင်(၃) ဖာလုံ၊ ကျောက်လမ်း(၉)မိုင်(၆)ဖာလုံနဲ့ မြေလမ်း(၁၄)မိုင်၊ (၇)ဖာလုံရှိပါတယ်ဟု ဖြေကြားခဲ့ပါသည်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ၎င်းမှတစ်ဆင့် ပြည်နယ်အင်ဂျင်နီယာ၊ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်း၊ ဟားခါးမြို့သို့ဆက်လက်တင်ပြခဲ့ရာ ချင်းပြည်နယ်အစိုးရအဖွဲ့၏ ၂၁-၁၀-၂၀၁၃ ရက်စွဲပါ စာအမှတ် ၃/၅-၁၇(၁၈)/ဦး-၃ အရ တီးတိန်-တွန်းဇံရထားလမ်းမိုင် (၀)မှ(၈၀)မိုင်အထိအား ပြည်ထောင်စုအစိုးရအဖွဲ့၏ စီမံခန့်ခွဲမည့်လမ်းမှ ချင်းပြည်နယ်အစိုးရအဖွဲ့၏ စီမံခန့်ခွဲမည့်လမ်းအဖြစ် လွှဲပြောင်းလက်ခံသွားရန် သဘောတူထားပြီး ဖြစ်ပါကြောင်း ဖြေကြားခဲ့ပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ သို့ဖြစ်ပါ၍ ပြည်နယ်ဘဏ္ဍာရန်ပုံငွေ အစီအစဉ်ဖြင့် ရန်ပုံငွေရရှိမှု အခြေ အနေနဲ့ ပြည်နယ်အစိုးရအဖွဲ့ရဲ့ ပြည်နယ်အင်ဂျင်နီယာမှူးကြီးတို့ရဲ့ လမ်းညွှန်မှုကို ခံယူလျက် တွန်းဇံမြို့ ၏ လမ်းအပိုင်း(၃၆)မိုင်အား လမ်းအဆင့်မြှင့်တင်ပေးခြင်း၊ မြို့တွင်းလမ်းအား (၂)လမ်းသွား တိုးချဲ့

မြှင့်တင်ပေးခြင်းနဲ့ ကတ္တရာလမ်းခင်းခြင်းတို့ကို ဆောင်ရွက်မည်ဖြစ်ပါကြောင်း ချင်းပြည်နယ်ဝန်ကြီးချုပ်မှ ဖြေကြားခဲ့ပါသည်။ တီးတိန်-တွန်းဇံရထားလမ်းအပိုင်းသည် ယခင်က ဒုတိယကမ္ဘာစစ် ဖြစ်ခဲ့စဉ်က အင်္ဂလိပ်တို့ တပ်ဆုတ်ခွာရာ စစ်ပြေးလမ်းအဖြစ် အိန္ဒိယနိုင်ငံ၊ အင်ဖာမြို့အထိ ဖောက်လုပ်ထားသော လမ်းဖြစ်ပါတယ်။ ခေတ်အဆက်ဆက်အစိုးရရဲ့ ရန်ပုံငွေဖြင့် ပြုပြင်ထိန်းသိမ်းပေမယ့်လည်း မြေသား သက်နုကျောက်မြေ အနေအထားကြောင့် မြေသားခိုင်မာမှုနည်းပါးကာ မိုးရာသီရောက်ပြီနှင့်တစ်ပြိုင်နက် ချောင်းရေ၊ မိုးရေ တိုက်စားမှုကြောင့် မြေသားပြိုကျခြင်း၊ လမ်းကျွံကျခြင်း၊ မြောင်းပိတ်ဆို့ခြင်းများနဲ့ ကြုံတွေ့နေရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ဒေသဖြစ်တဲ့ ကျွန်တော့်မဲဆန္ဒ တွန်းဇံမြို့နဲ့ ပတ်သက်ပြီး တော့ ကျွန်တော်တင်ပြပါရစေ။ ယခုအခါ ကျွန်တော်တို့ ယခင်လမ်းကြီးကို ပြည်ထောင်စုလမ်းမကြီး သဖွယ် အတည်ပြုလိုက်ပါသဖြင့် များစွာဝမ်းသာဂုဏ်ယူမိပါကြောင်း၊ ယခုကျွန်တော်တို့ တွန်းဇံမြို့တွင်း လမ်းမကြီးဟာ အလွန်ပင်သေးငယ်ပြီး ကျဉ်းမြောင်းပါသဖြင့် မော်တော်ဆိုင်ကယ်၊ ကုန်ကားများ သွားလာ ရာမှာ ရှောင်ကွင်းစရာ နေရာမရှိသလောက်အထိဖြစ်၍ ယာဉ်တိုက်မှုများ မကြာခဏ ဖြစ်လေ့ရှိပါတယ်။ အချို့ လူနေအိမ်များ၊ ရုံးအဆောက်အအုံများလည်း မြို့တွင်းလမ်းမကြီး နယ်နိမိတ်ကို ချိုးဖောက်ကာ လမ်းအင်္ဂါရပ်၊ မြို့အင်္ဂါရပ်နဲ့ ညီညွတ်မှုကင်းမဲ့စွာ မင်းမဲ့စရိုက် အသွင်ဆောင်၍ ဆောက်လုပ်ထားတာကို တွေ့ရပါတယ်။

ယခင်ပါတီကောင်စီခေတ်တွင် လမ်းမကြီးနယ်နိမိတ်အတွင်း ပြည်သူ့ဆောက်လုပ်ရေး လုပ်ငန်း၏ ခွင့်ပြုချက်မရရှိဘဲ အာဏာပိုင်အစိုးရကိုသာ အားကိုး၍ အကျိုးကိုင်သောနည်းဖြင့် တရား ဥပဒေစိုးမိုးတာမရှိလို့လား၊ လူမျိုးစွဲ၊ ပုဂ္ဂိုလ်စွဲစိတ်ဓာတ်ပြင်းထန်လို့လား၊ အသိတရားကင်းမဲ့စွာ နည်း အမျိုးမျိုးကျင့်သုံးပြီး မျက်ကွယ်ပြုကာ ဆောက်လုပ်ရခြင်းဖြစ်ပါတယ်။ တိုးတက်ပြောင်းလဲလာသော ခေတ်နဲ့အညီ ဒီမိုကရေစီကျင့်စဉ်အတိုင်း ပြည်သူလူထုများလည်း အတွေးအခေါ်မြော်မြင်မှု ရင့်ကျက် ရင့်သန်စေရန် လိုအပ်သလို သက်ဆိုင်ရာ ဆောက်လုပ်ရေးဝန်ကြီးဌာန၏ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ ထုတ်ပြန်ထားသည့်အတိုင်း လုပ်ထုံးလုပ်နည်းများအရ အမိန့်ကြော်ငြာစာများကိုလည်း ပြည်သူလူထုထံသို့ တစ်ဆင့်စကားတစ်ဆင့်နား ရှင်းလင်းနားလည်အောင် ပြောကြားဟောပြောရန် လိုအပ်ပါသည်ဟု အကြံပြုလိုပါသည်။ ၎င်းအပြင် တရားမမှု၊ ပြစ်မှုများ၏ ပြစ်မှု၊ ပြစ်ဒဏ်များ အတိမ် အနက်ကို နားလည်၍ ငွေဒဏ်ပေးဆောင်ရန် သတ်မှတ်ပါကလည်း အခြေအနေအချိန်အခါနဲ့ လိုက်လျော ညီထွေမှုရှိစေရန်အတွက် ငွေဒဏ် သို့မဟုတ် ထောင်ဒဏ်တိုးမြှင့်နိုင်သည့် ဥပဒေ ပြဋ္ဌာန်းချက်များဖြင့် ပြန်လည်ပြင်ဆင်ထားတာကို တွေ့ရှိရပါတယ်။ ယခုနိုင်ငံတော်မှ အဆင့်မြင့်လမ်း တို့ချဲ့မြှင့်တင်ပေးခြင်း ဆောင်ရွက်ပေးပါက လမ်းဘေးလူနေအိမ် ပြည်သူလူထုတချို့၊ အစိုးရအဆောက်အဦတချို့၊ ဈေးဆိုင် တချို့ အိမ်မြေနေရာများရွှေ့ပေးရမည် ဖြစ်ပါသဖြင့် သက်ဆိုင်ရာမှကြိုတင်အသိပေး နှိုးဆော်အကြောင်း ကြား၍သတိပေးကာ မလိုက်နာဘဲပျက်ကွက်ပါက ဥပဒေအရအရေးယူသည်သာမက ရှင်းလင်းဖယ်ရှား သင့်ပြီဟု သုံးသပ်မိပါသည်။

ဥက္ကဋ္ဌကြီးခင်ဗျား။ အများအားဖြင့် ဒေသခံပြည်သူများ လိုက်နာနိုင်သော ဥပဒေဘောင်ထဲမှာ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ ညီမျှခြင်း၊ တိတိကျကျလိုက်နာမှုများ ရှိလာနိုင်အောင် ထည့်သွင်းပြဋ္ဌာန်း ပေးခြင်း၊ ပြည်သူများ၏ အခွင့်အရေးများကို မနစ်နာ၊ မဆုံးရှုံးရလေအောင် အပြန်အလှန်ထိန်းကြောင်း

တည့်မတ်ပေးခြင်း၊ လိုက်လျောညီထွေ ဖြစ်ဖို့နဲ့ ပြဿနာများဖြစ်ပါက နည်းနိုင်သမျှ နည်းအောင် အပြု သဘောဆောင်နိုင်သောနည်းကို ဖန်တီးပေးဖို့လိုအပ်ပါသည်ဟု သုံးသပ်ရင်း ပြည်ထောင်စုလွှတ်တော်က ပေးပို့လာသော လမ်းမကြီးများ၏ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား လေးနက်စွာ အကြံပြု ထောက်ခံအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်နှစ်ဦး ရဲ့ ဆွေးနွေးချက်များနဲ့ ပတ်သက်ပြီး အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာဆောင်ရွက်ဖို့ ဆုံးဖြတ်ပါတယ်။

## မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်က ဆွေးနွေးခြင်း

**အချိန်၊ ၁၀း၅၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ အမျိုးသားလွှတ်တော်က မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းကို ၂၈-၈-၂၀၁၃ ရက်နေ့တွင် ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ၂၉-၈-၂၀၁၃ ရက်နေ့တွင် ပြည်သူ့လွှတ်တော်သို့ ပေးပို့ခဲ့ ပါတယ်။

အမျိုးသားလွှတ်တော် က အတည်ပြုပြီး ပေးပို့ထားတဲ့ မြန်မာနိုင်ငံအမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော် က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြန်လည်ပေးပို့လာတဲ့ ပြင်ဆင်ချက်ကို ဆွေးနွေးဖို့ လွှတ်တော် ကိုယ်စားလှယ်တစ်ဦး အမည်စာရင်း တင်သွင်းထားပါတယ်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁) မှ ဒေါ်ခင်ဝိုင်းကြည် ဆွေးနွေးနိုင်ပါပြီ။

**အချိန်၊ ၁၀း၅၂။**

**ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)။** ။ ရိုသေလေးစားအပ် ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အားလုံးပဲရေလိုအေးပါစေ၊ မင်္ဂလာကျက်သရေ အပေါင်းနဲ့ ပြည့်စုံပါစေလို့ဆုတောင်းရင်းနဲ့ ကျွန်မဂါရဝပြုပါတယ်။ ကျွန်မကတော့ ရန်ကုန်တိုင်း ဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်ခင်ဝိုင်းကြည် ဖြစ်ပြီးတော့ အခုဒီ ကျွန်မတို့ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥပဒေကြမ်းနဲ့ စပ်လျဉ်းပြီးတော့ ဆွေးနွေးမှာ ဖြစ်ပါတယ်။ သို့သော်လည်း ဒီအထဲမှာ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်နဲ့ ပြည်သူ့လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက် ဇယားထဲမှာ တချို့ဟာတွေကိုတော့ အမျိုးသားလွှတ်တော် အတိုင်း သူတို့ကသဘောတူထားပြီးတဲ့အခါကျတော့ တချို့ဟာတွေကိုကျတော့ အမျိုးသားလွှတ်တော်နဲ့ နည်းနည်း ကွဲလွဲတာတွေရှိပါတယ်။ အဲဒီတော့ ကျွန်မက အဲဒီ့အပေါ်မှာ အမျိုးသားလွှတ်တော်ဘက်က နေပြီးတော့ ထောက်ခံဆွေးနွေးတာတွေများမှာ ဖြစ်တဲ့အတွက် ဒီဟာသည် ဥပဒေသည် ပြည်ထောင်စု

လွှတ်တော်ကိုများတက်လာခဲ့သည် ရှိသော် ကျွန်မတို့က အဲဒီကျရင်ထပ်ပြီးတော့ဆွေးနွေးရဦးမှာလား ဆိုပြီးတော့ ကျွန်မစဉ်းစားနေပါတယ်။

(၁)ကတော့ ကျွန်မ စာမျက်နှာ(၂)က အခန်း(၁)က ပုဒ်မ ၂ ပါ။ ကော်မရှင်အဖွဲ့ဝင်ဆိုသည်မှာ မြန်မာနိုင်ငံ အမျိုးသားလူ့အခွင့်အရေးကော်မရှင် ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌတို့ အပါအဝင် အဖွဲ့ဝင် တစ်ဦး ဦးကိုဆိုသည်ဆိုပြီးတော့ ပြဋ္ဌာန်းထားပါတယ်။ မူလပြဋ္ဌာန်းချက်ပါ၊ အဲဒါကို အမျိုးသားလွှတ်တော် ကတော့ မူလပြဋ္ဌာန်းချက်အတိုင်းလို့သာ ပြင်ဆင်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ကော်မရှင် အဖွဲ့ဝင်ဆိုသည်မှာ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင် အဖွဲ့ဝင်ကို ဆိုသည်လို့ အဲဒီလို အတည်ပြုထားပါတယ်။ သို့သော်လည်း ကျွန်မတို့ကတော့ ဥပဒေပြုတယ်ဆိုလို့ရှိရင် ပိုမိုပြီးတော့ တိကျတာ၊ ပြတ်သားတာ၊ ခိုင်မာတာ လိုအပ်တယ်လို့ အဲဒီလို ယူဆတဲ့အတွက်ကြောင့်မို့လို့ ဒီ အမျိုးသား လွှတ်တော်ရဲ့ မူလပြဋ္ဌာန်းချက်အတိုင်းဆိုတဲ့ဟာကိုပဲ ကျွန်မကတော့ထောက်ခံပါတယ်။

နောက် ပုဒ်မ ၂ ပါ။ ပုဒ်မ ၂ ကနေပြီးတော့မှ အသစ်ဖြည့်စွက်ထားပါတယ်။ ဒါကတော့ အမျိုးသား လွှတ်တော်က အသစ်ဖြည့်စွက်ထားတာဖြစ်ပါတယ်။ အဲဒီအထဲမှာ (ဂ)က နိုင်ငံတော်က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက်များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များဖြင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကိုထိရောက်စွာ မြှင့်တင်ကာကွယ်နိုင် ရန်လို့ပြင်ဆင်ထားပြီးတော့၊ ပြည်သူ့လွှတ်တော်ကကျတော့ နိုင်ငံတော်ကလိုက်နာရန်ရှိသော အပြည်ပြည် ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်စာတမ်းများတွင်ပါရှိသည့် လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင် ကာကွယ်နိုင်ရန်လို့ ဒါ အတည်ပြုထားပါတယ်။ သို့သော်လည်း စောစောကပြောသလိုပဲ ကျွန်မတို့ ဒါကိုအခု ဆိုလို့ရှိရင် ကုလသမဂ္ဂရဲ့ ထောင်စုနှစ်တွေရော၊ နောက်တစ်ခါ အာဆီယံရဲ့ အာဆီယံ အသိုင်းအဝိုင်းနဲ့ ပတ်သက်တဲ့ Goal တွေရော၊ ပန်းတိုင်တွေရော ကျွန်မတို့က အားလုံးပူးပေါင်းပြီး ဆောင်ရွက်နေကြတာ ဖြစ်တဲ့အတွက် ဒီ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်ဟာ ကျယ်ပြန့်သော်လည်း မတိကျဘူး၊ မပြည့်စုံ ဘူးလို့ ကျွန်မကတော့ယူဆပါတယ်။ အဲဒီတော့ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားတဲ့(ဂ)ကို နိုင်ငံတော် က လက်ခံထားသည့် လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းများ၊ ဆုံးဖြတ်ချက် များ၊ ဒေသဆိုင်ရာ သဘောတူညီချက်များနှင့် ကြေညာချက်များပါ လူ့အခွင့်အရေးများကို ထိရောက်စွာ မြှင့်တင်ကာကွယ်နိုင်ရန် ဆိုတာကိုပဲ ကျွန်မကတော့ ထောက်ခံအပ်ပါတယ်။

နောက်တစ်ခုကတော့ ဒါအသစ်ပါပဲ၊ ဒီ အသစ်ဖြည့်စွက်ထားတာပါပဲ၊ (ဂ)အောက်က (ဃ)ပါ။ (ဃ)မှာလည်း အတူတူပါပဲ။ တစ်သဘောထဲပါပဲ။ လူ့အခွင့်အရေးနဲ့ သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်ဆိုပြီး တော့ အမျိုးသားလွှတ်တော်က ပြင်ဆင်ထားပြီးတော့ ပြည်သူ့လွှတ်တော်ကတော့ လူ့အခွင့်အရေးနှင့် သက်ဆိုင်သည့် အပြည်ပြည်ဆိုင်ရာ၊ ဒေသဆိုင်ရာ၊ အမျိုးသားအဖွဲ့အစည်းများနှင့် ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်နိုင်ရန်လို့ သူကအဲဒီလိုပဲဖော်ပြထားပါတယ်။ အဲဒီတော့ အစောတုန်းကလိုပဲ ကုလသမဂ္ဂ တွေ၊ အာဆီယံတွေ၊ ကျွန်မတို့ရဲ့ နိုင်ငံတော်က အမျိုးသားရော အားလုံးပါတဲ့ဟာကို ပိုပြီးတော့ ထိထိ ရောက်ရောက်နဲ့ တိတိကျကျ ခိုင်မာစေဖို့အတွက်ကတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ လူ့အခွင့်အရေးနဲ့ သက်ဆိုင်တဲ့ အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းများ၊ ဒေသဆိုင်ရာအဖွဲ့အစည်းများနဲ့ ဆက်သွယ်ညှိနှိုင်း၍ ပူးပေါင်းဆောင်ရွက်ရန်ဆိုတာကိုပဲ ကျွန်မထောက်ခံပြီးတော့ ဆွေးနွေးအပ်ပါတယ်။

နောက်တစ်ခုကတော့ ပုဒ်မ ၄ ပါ အခန်း ၂ ပုဒ်မ ၄ အသစ်ဖြည့်စွက်တာပါပဲ၊ အဲဒီမှာ နိုင်ငံတော် သမ္မတသည် ကော်မရှင်ဖွဲ့စည်းနိုင်ရေးအတွက် အောက်ပါပုဂ္ဂိုလ်များပါဝင်သော ကော်မရှင်အဖွဲ့ဝင် လောင်းစိစစ်ရွေးချယ်ရေးအဖွဲ့ကို ဖွဲ့စည်းရမည်ဆိုတဲ့အောက်မှာ သူက (က)(ခ)(ဂ)တွေနဲ့ ပြဋ္ဌာန်းထား ပါတယ်။ အဲဒီဟာက ပုဒ်မ ၄(ဆ)မှာ မြန်မာနိုင်ငံအမျိုးသမီးရေးရာအဖွဲ့ချုပ်မှ ကိုယ်စားလှယ်တစ်ဦး ဆိုပြီးတော့ သူကမူလပြဋ္ဌာန်းချက်မှာ ပါ ပါတယ်။ အမျိုးသားလွှတ်တော်ကတော့ မူလပြဋ္ဌာန်းချက် အတိုင်းလို့ ရေးထားပြီးတော့ ပြည်သူ့လွှတ်တော်ကတော့ ပယ်ဖျက်သည်လို့ အဲဒီလိုရေးထားပါတယ်။ အဲဒီတော့ နောက်မှာလည်း ကျွန်မဆွေးနွေးရင်းနဲ့ ပါလာမှာဖြစ်ပါတယ်။ အဲဒါကတော့ဘာလဲဆိုတော့ အမျိုးသား/ အမျိုးသမီးရဲ့ကဏ္ဍတွေမှာ ကျွန်မတို့ နိုင်ငံကတကယ်တမ်းကျတော့ မြန်မာအမျိုးသမီးက (၅၀)ရာခိုင်နှုန်းတောင်ကျော်တယ်ဆိုတော့ အဖွဲ့အစည်းတွေ ဖွဲ့တဲ့အခါမှာ အမျိုးသမီးတွေဟာ မဖြစ်မနေ ပါဝင်သင့်တဲ့အပြင် အဲဒီသူတို့ရဲ့အမြင်တွေကိုလည်း ကျွန်မတို့ကထည့်သွင်းစဉ်းစားရမှာ ဖြစ်တဲ့အတွက် ကြောင့်မို့လို့မဖြစ်မနေ အမျိုးသမီးကဏ္ဍကနေပြီးတော့ တစ်ဦးကတော့ ဒီ ပုဒ်မအသစ်ဖြည့်စွက်တဲ့အတိုင်း ဆိုရင် မဖြစ်မနေ အမျိုးသမီးကို ထည့်သွင်းပြီးတော့ ဖွဲ့စည်းသင့်ပါတယ်။ ဒါကျတော့ နည်းနည်းလေး ပြည်သူ့လွှတ်တော်ကအတည်ပြုထားတာကို ကျွန်မကပယ်ဖျက်ပြီး၊ ကန့်ကွက်ပြီးတော့ အမျိုးသားလွှတ်တော် အတိုင်းပဲ ကျွန်မထောက်ခံပြီးတော့ ဆွေးနွေးပါတယ်။

နောက်တစ်ခုကလည်း ဒီလိုပါပဲ ဥပဒေနဲ့အညီ ဖွဲ့စည်းထားတော့ ဒါ (ဇ)ပါ။ သူလည်း အသစ် ဖြည့်တာပဲ ဥပဒေနဲ့အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ် တစ်ဦးလို့ မူလပြဋ္ဌာန်းထားပါတယ်။ သို့သော် အမျိုးသားလွှတ်တော်ကနေ ပြင်ဆင်ထားတာက ဥပဒေနဲ့ အညီ ဖွဲ့စည်းထားသော အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ကိုယ်စားလှယ်နှစ်ဦးဆိုပြီးတော့ အဲဒီလို ပြင်ဆင်ထားပါတယ်။ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်အတိုင်းလို့ ပြောတဲ့အတွက် ဒါကတော့ ကျွန်မလည်း အဲဒီနှစ်ဦးကို NGO သို့မဟုတ် INGO အဲဒီလိုနှစ်ခုစလုံးကပါမှသာလျှင် ပိုပြီးတော့ ပြည့်စုံ မှာဖြစ်တဲ့အတွက် အဲဒီနှစ်ဦးကို ကျွန်မလည်း ထောက်ခံပါတယ်။

နောက်တစ်ခုကတော့ အခန်း (၂)က ပုဒ်မ ၅(၁) မှာ လူ့အခွင့်အရေးမူများနှင့် သက်ဆိုင်ရာ ပြည်တွင်းနှင့် အပြည်ပြည်ဆိုင်ရာလူ့အခွင့်အရေးများ ဥပဒေများဆိုပြီးတော့ပါပါတယ်။ အမျိုးသားလွှတ်တော် က အဲဒီအပိုဒ် အပိုဒ်(၁)ကို လူ့အခွင့်အရေးမူများနှင့်သက်ဆိုင်သည့် ပြည်တွင်းဥပဒေများနှင့် အပြည်ပြည် ဆိုင်ရာကွန်ဗင်းရှင်းများ၊ စာချုပ်များ၊ ကြေညာချက်များနှင့် ဥပဒေများလို့ အဲဒီလိုပါပါတယ်။ အဲဒီကျတော့ အစောတုန်းက ကျွန်မတို့ကလူ့အခွင့်အရေးကော်မရှင် ဖြစ်တဲ့အတွက်ကြောင့်မို့လို့ ကျယ်ကျယ်ပြန့်ပြန့် စဉ်းစားပြီးတော့ ကျယ်ကျယ်ပြန့်ပြန့်ပါဖို့က ဒါ စပြီးတော့ ပြဋ္ဌာန်းကတည်းကိုက တိတိကျကျ ပြဋ္ဌာန်း သင့်တယ်လို့ အဲဒီလိုယူဆပါတယ်။ အဲဒီတော့ ဒီမူလပြဋ္ဌာန်းချက်ထက် အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက် ကသာပိုပြီးတော့ပြည့်စုံတယ်၊ တိကျတယ်၊ အဓိပ္ပာယ်ပြတ်သားတယ်။ ခိုင်မာတယ်လို့ ကျွန်မယူဆပါတယ်။ အဲဒါကို ပြည်သူ့လွှတ်တော်ကတော့ နဂိုတုန်းက မူလပြဋ္ဌာန်းချက်အတိုင်းလို့ အတည်ပြုထားတာဖြစ်တဲ့ အတွက် ကျွန်မက အဲဒီဟာကိုကန့်ကွက်ပြီးတဲ့ အခါကျတော့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုပဲ ထောက်ခံပါတယ်။

နောက်တစ်ခုကတော့ အခန်း (၂) ပုဒ်မ ၆ (ဂ) အမျိုးသား/အမျိုးသမီးနှင့် တိုင်းရင်းသား လူမျိုးများ သင့်တင့်မျှတစွာပါဝင်ခြင်း ဆိုပြီးတော့ ဒါမူလပြဋ္ဌာန်းချက်ပါ။ နောက်တစ်ခုကတော့ အမျိုးသား

လွှတ်တော်ကတော့ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ စဥ်းစားရာတွင် အမျိုးသား/ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများပါသင့်တင့်မျှတစွာ ပါဝင်စေပြီးရွေးချယ်ရမည်လို့ အဲဒီလိုပြင်ဆင်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ပုဒ်မခွဲ (က)နှင့် (ခ)တို့အရ စဥ်းစားရာတွင် အမျိုးသား/အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများသင့်တင့်မျှတစွာပါဝင်စေရေးကို ထည့်သွင်းစဥ်းစားရမည်လို့ အဲဒီလိုအတည်ပြုထားပါတယ်။ အဲဒီတော့ကာ ကျွန်မတို့ကဥပဒေတစ်ခုကိုပြုတယ်ဆိုလို့ရှိရင် ဥပဒေသည်တိကျရမယ်၊ ပြတ်သားရမယ်၊ မတွေဝေရဘူး၊ အဓိပ္ပာယ်နှစ်ခွမထွက်ရဘူး၊ ခိုင်မာရမယ်လို့ ဆိုလို့ရှိရင်တော့ ကျွန်မတို့ အမျိုးသားလွှတ်တော်ကပြင်ဆင်ထားတဲ့ (က)နဲ့ (ခ)တို့အရ စဥ်းစားရာတွင် အမျိုးသား/ အမျိုးသမီးနှင့် တိုင်းရင်းသားလူမျိုးများပါသင့်တင့်မျှတစွာပါဝင်စေပြီး ရွေးချယ်ရမည်ဆိုတဲ့ဟာကိုပဲ ကျွန်မထောက်ခံပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သင့်တင့်မျှတစွာပါဝင်စေပြီး ရွေးချယ်ရမည်ဆိုတဲ့ စကားလုံးနဲ့ စကားရပ်နဲ့ ပါဝင်စေရေးကိုထည့်သွင်းစဥ်းစားရမည်ဆိုတာနဲ့က အဓိပ္ပာယ်ချင်းက တော်တော်လေးကွာခြားတယ်လို့ ယူဆပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မ အမျိုးသားလွှတ်တော်ရဲ့ ပြဋ္ဌာန်းချက်ဖြစ်တဲ့ သင့်တင့်မျှတစွာ ပါဝင်စေပြီး ရွေးချယ်ရမည်ဆိုတာကိုပဲ ကျွန်မထောက်ခံဆွေးနွေးပါတယ်။

နောက်တစ်ခုက အခန်း ၃၊ ပုဒ်မ ၁၈၊ (ဃ)ပါ။ ကော်မရှင်၏ ရည်မှန်းချက်များ ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ပြုမူဆောင်ရွက်ခြင်းဆိုပြီးတော့ ဒီမှာဖော်ပြထားပါတယ်။ အဲဒီမှာ အမျိုးသားလွှတ်တော်က မူလပြဋ္ဌာန်းချက်အတိုင်းလို့ ပါပါတယ်။ သို့သော် ပြည်သူ့လွှတ်တော်ကတော့ ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းလို့ ဆိုပြီးတော့ အဲဒီလို အတည်ပြုထားပါတယ်။ အဲဒီတော့ ကော်မရှင်က ချမှတ်ထားသော စည်းကမ်းချက်များကို လိုက်နာရန်ပျက်ကွက်ခြင်းဆိုတာကတော့ သာမန်ပဲဖြစ်ပြီးတော့၊ ကော်မရှင်၏ ရည်မှန်းချက်များ ပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့်ပြုမူဆောင်ရွက်ခြင်းဆိုတာက ပိုပြီးတော့လေးနက်ပါတယ်။ အဲဒါကြောင့်မို့လို့ ကျွန်မကတော့ မူလပြဋ္ဌာန်းချက်အတိုင်းလို့ ဆုံးဖြတ်ထားတဲ့၊ ပြင်ဆင်ထားတဲ့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုပဲ ကျွန်မထောက်ခံပါတယ်။

နောက် အခန်း ၃၊ ပုဒ်မ ၁၉ (ခ)ပါ။ အဲဒီမှာတော့ ပုဒ်မခွဲ(က)ပါ ကော်မရှင် အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ရွေးချယ်ရန် သင့်လျော်သူမရှိပါက ဒါ ကော်မရှင်လောင်း ထပ်ပြီးတော့ ရွေးတဲ့အခါမှာကော်မရှင်လောင်း ရွေးချယ်ရန်မရှိပါက ပုဒ်မ ၄၊ ၅၊ ၆၊ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီဆောင်ရွက်ပြီး ဖြည့်စွက်ခန့်ထားရမည်လို့ ဒါ အမျိုးသားလွှတ်တော်က ဒီလို ပြင်ဆင်ထားပါတယ်။ ပြည်သူ့လွှတ်တော်ကတော့ ပုဒ်မခွဲ(က)ပါ ကော်မရှင်အဖွဲ့ဝင်လောင်းအမည်စာရင်းမှ ရွေးချယ်ရန်သင့်လျော်သူမရှိပါက ပုဒ်မ ၆၊ ပုဒ်မ ၇၊ ပုဒ်မ ၈ နှင့် ပုဒ်မ ၉ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးဖြည့်စွက်ခန့်ထားရမည်လို့ ပါ ပါတယ်။

အဲဒီတော့ ကျွန်မတို့ ပထမပိုင်းမှာ ပါတာကတော့ ကော်မရှင်အဖွဲ့ဝင်လောင်းရဲ့ အရည်အချင်းတွေမှာ သတ်မှတ်တဲ့အခါကျတော့ ပုဒ်မ ၄ နဲ့ ပုဒ်မ ၅ မှာ ပါတဲ့ ပြဋ္ဌာန်းချက်တွေ၊ သတ်မှတ်ချက်တွေဟာကော်မရှင်အဖွဲ့ဝင်လောင်းရဲ့ အရည်အချင်းထဲမှာ ပါပါတယ်။ အဲဒီတော့ နောက် ကော်မရှင်လောင်းထပ်ပြီး ရွေးမယ်ဆိုလို့ရှိရင် အဲဒီ ၄ နဲ့ ၅ ကို ဘယ်လိုမှ ချန်ထားခဲ့လို့ မရတာ ဖြစ်တဲ့အတွက် ကျွန်မအမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ ပုဒ်မခွဲ(က)ပါ ကော်မရှင် အဖွဲ့ဝင်လောင်းအမည်စာရင်းမှရွေးချယ်ရန် သင့်လျော်သူမရှိပါက ပုဒ်မ ၄၊ ၅၊ ၆၊ ၇ နှင့် ၈ တို့ပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီး

ဖြည့်စွက်ခန့်ထားရမည်ဆိုတဲ့ ပိုပြီးတော့ ပြည့်စုံပြီး တိကျပြတ်သားတဲ့ဟာကို ကျွန်မက ထောက်ခံအပ်ပါတယ်။

မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို ပြည်ထောင်စုအစိုးရထံသို့ အကြံပြုတင်ပြခြင်းလို့ ဒါ ပုဒ်မ ၂၂(၁)မှာ အဲဒီလိုပါပါတယ်။ နောက်တစ်ခါ အမျိုးသားလွှတ်တော်ကတော့ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့ထံသို့ အကြံပြုတင်ပြခြင်းလို့ ပါ ပါတယ်။ နောက် ပြည်သူ့လွှတ်တော်ကတော့ နိုင်ငံတော်က ပါဝင်ချုပ်ဆိုသင့်သည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များကို အစိုးရအဖွဲ့သို့ အကြံပြုတင်ပြခြင်းလို့ ပါ ပါတယ်။ အဲဒီတော့ ဒီဟာ (၃)ခုကို ကျွန်မလေ့လာတဲ့ အခါမှာ ပထမဆုံးစစဦးပိုင်းမှာတော့ အစိုးရအဖွဲ့ဆိုတာရယ်၊ ပြည်ထောင်စုအစိုးရဆိုတာရယ်၊ ပြည်ထောင်စုအစိုးရရယ်၊ ပြည်ထောင်စုအစိုးရအဖွဲ့ရယ်၊ အစိုးရအဖွဲ့ရယ်(၃)မျိုး ခွဲထားတာရှိပါတယ်။ အဲဒီ(၃)မျိုးရဲ့ အတည်ကိုသာ ဒီမှာတစ်ခုတည်းကို အတည်ဖြစ်ဖို့အတွက် ဒါကို ကျွန်မဆွေးနွေးအပ်ပါတယ်။

ဘာလို့လဲဆိုတော့ ရှေ့မှာ အဲဒီလို (၃)ခု ကွဲထားခဲ့တာပါခဲ့ပါတယ်။ အဲဒါကို ကျွန်မ မဆွေးနွေးခဲ့ပါဘူး။ အဲဒီတော့ ဒီဟာမှာလည်း (၃)မျိုးကွဲနေတာ ဖြစ်တဲ့အတွက်ကြောင့် အဲဒီပထမဆုံး ပြင်ဆင်ချက်တဲ့ အတိုင်းပဲ တကယ်ပါသင့်တယ်လို့ ကျွန်မ အဲဒီလို ဆွေးနွေးအပ်ပါတယ်။

နောက်တစ်ခုက တည်ဆဲဥပဒေနှင့် အဆိုပြုထားတဲ့ ဥပဒေကြမ်းများသည် မြန်မာနိုင်ငံက ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ/မရှိကို လေ့လာသုံးသပ်ခြင်းနှင့် လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို ပြည်ထောင်စုအစိုးရထံသို့ အကြံပြုတင်ပြခြင်း ဆိုပြီးတော့ အဲဒီလို ပါပါတယ်။ အဲဒါကို အမျိုးသားလွှတ်တော်က တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေး စာချုပ်များနှင့် ကိုက်ညီမှု ရှိ/မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းလို့ ပါ ပါတယ်။ ဒီမှာတော့ ဒါကတော့ တော်တော်လေး ကွဲလွဲပါတယ်။ တစ်ခုကတော့ ပြည်ထောင်စုအစိုးရကို တင်ပြခိုင်းပြီးတော့ ဒါကတော့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြခိုင်းထားတာ ဖြစ်ပါတယ်။ နောက် ပြည်သူ့လွှတ်တော်ကတော့ တည်ဆဲဥပဒေနှင့် အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးစာချုပ်များနှင့် ကိုက်ညီမှု ရှိ/မရှိကို လေ့လာသုံးသပ်ပြီး လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးအတွက် ပြင်ဆင်သင့်သည့် ဥပဒေများနှင့် အခြားဆောင်ရွက်သင့်သည်များကို အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းလို့ အဲဒီလိုပါ ပါတယ်။

အဲဒီလိုဆိုတဲ့အခါကျတော့ ဒါက ဥပဒေနဲ့ ပတ်သက်တာဖြစ်တဲ့အတွက်ကြောင့်မို့လို့ တည်ဆဲဥပဒေနဲ့ အဆိုပြုထားသည့် ဥပဒေကြမ်းများသည် နိုင်ငံတော်က ပါဝင်ချုပ်ဆိုထားသည့် အပြည်ပြည်ဆိုင်ရာ အချက်အလက်တွေအားလုံးနဲ့ ကိုက်ညီခြင်း ရှိ/မရှိကို ပြည်ထောင်စုလွှတ်တော်သို့ တင်ပြခြင်းလို့ ဒီမှာ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်က အဲဒီလို ပြင်ဆင်ထားပါတယ်။ အဲဒီတော့ ဥပဒေနဲ့ ဥပဒေကြမ်းနဲ့ပတ်သက်တာဖြစ်တဲ့အတွက် ပြည်ထောင်စုလွှတ်တော်ကိုတင်ပြတာ ပိုပြီးတော့၊ ပြည်ထောင်စု

လွှတ်တော်ကမှတစ်ဆင့် ကျန်တာဆောင်ရွက်ပြီးတော့ ပြည်ထောင်စုလွှတ်တော်ကို တင်ပြသင့်တယ်လို့ ကျွန်မယူဆတဲ့အတွက် ကျွန်မ အဲဒါကိုထောက်ခံပါတယ်။

ဒီမှာ အခန်း၄၊ ပုဒ်မ ၂၂(ဂ)ပါ။ လူ့အခွင့်အရေး ဖောက်ဖျက်ကြောင်း စွပ်စွဲချက်များနှင့် စပ်လျဉ်း၍ လူ့အခွင့်အရေးဘာသာရပ်အပေါ် အခြေပြု၍ စုံစမ်းစစ်ဆေးခြင်းဆိုပြီးတော့ မူလပြဋ္ဌာန်း ချက်မှာ ပါ ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကတော့ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏ တိုင်တန်းချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ လူ့အခွင့်အရေး ဆိုသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်တွင် အကျုံးဝင်ခြင်း ရှိ/မရှိ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းလို့ အဲဒီလို ပါ ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ အတည်ပြုချက်မှာတော့ လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း တိုင်တန်း ချက် သို့မဟုတ် စွပ်စွဲချက်နှင့် စပ်လျဉ်း၍ စိစစ်ပြီး စုံစမ်းစစ်ဆေးခြင်းလို့ ပါ ပါတယ်။ အဲဒီတော့ ကျွန်မ အစောကပြောခဲ့သလိုပါပဲ။ ပိုပြီးတော့ တိတိကျကျ၊ ပြတ်ပြတ်သားသား၊ ပြည့်ပြည့်စုံစုံဖြစ်ဖို့ကတော့ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ဖြစ်တဲ့ အစောက လူ့အခွင့်အရေးဖောက်ဖျက်ကြောင်း ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်း၏တိုင်တန်းချက်မူလမှာတော့ တိုင်တန်းချက်မပါဘူး။ စွပ်စွဲချက်ဆိုတာ တစ်ခုပဲ ပါ ပါတယ်။ အဲဒီတော့ တိုင်တန်းချက်ရော ဒီဖက်ကစွပ်စွဲချက်ရော အားလုံးပြည့်ပြည့်စုံစုံ ထည့်ထား တာဖြစ်တဲ့အတွက် တိုင်တန်းချက်သည် စွပ်စွဲချက် မဟုတ်သလို စွပ်စွဲချက်သည်လည်း တိုင်တန်းချက် မဟုတ်ပါဘူး။ အဲဒီလို ပြည့်ပြည့်စုံစုံ ထည့်ထားတဲ့ ကျွန်မတို့ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင်ချက်ကိုပဲ ကျွန်မ ထောက်ခံပါတယ်။

ဒီမှာ အခန်း ၅၊ ပုဒ်မ ၂၈ မှာ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သဘာဝ တရားမျှတမှု သဘောတရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့အပြင် တရားမကျင့်ထုံး ဥပဒေ၊ ပြစ်မှုကျင့်ထုံးဥပဒေနှင့် သက်သေခံအက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းများကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်လို့ အဲဒီလိုမူလပြဋ္ဌာန်းချက်မှာရှိပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ ပြင်ဆင် ချက်မှာတော့ ကော်မရှင်သည် စုံစမ်းစစ်ဆေးမှုတစ်ရပ် ပြုလုပ်ရာတွင် သဘာဝတရား၏မျှတမှု သဘော တရားနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။ ထို့အပြင် တရားမကျင့်ထုံး၊ ရာဇဝတ်ကျင့်ထုံးနှင့် သက်သေခံ အက်ဥပဒေတို့ပါ သက်ဆိုင်သည့် ပြဋ္ဌာန်းချက်များကို ဆီလျော်သလို ကျင့်သုံးဆောင်ရွက်နိုင်သည်လို့ ပြဋ္ဌာန်းထားပါတယ်။

အဲဒီမှာ ကျွန်မ တစ်ခုပဲ မေတ္တာရပ်ခံပြီးတော့ ပြောကြည့်ချင်တာက ကျွန်မ ဥက္ကဋ္ဌကြီးကနေ တစ်ဆင့် ပန်ကြားချင်တာက မြန်မာ့ဓလေ့ထုံးတမ်းဥပဒေကိုရော ထည့်ပြီးတော့စဉ်းစားဖို့ မလိုအပ်ဘူး လားဆိုတဲ့ ကျွန်မ အဲဒါလေးကို မေတ္တာရပ်ခံချင်ပါတယ်။

ဒါကတော့ အခန်း ၉၊ ပုဒ်မ ၆၂။ အသစ်ဖြည့်စွက်ထားတာပါ။ ကော်မရှင်သည် ၅၈။ သူက ပုဒ်မ ၅၈ အနေနဲ့ အသစ်ဖြည့်စွက်ထားတာပါ။ ကော်မရှင်သည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ထိ ရောက်စွာအကောင်အထည်ဖော်ရန်အတွက် လိုအပ်သောအဖွဲ့ခွဲများ လုပ်ငန်းအဖွဲ့များကို ဒေသအလိုက် ဖြစ်စေ၊ ဘာသာရပ်အလိုက်ဖြစ်စေ ဖွဲ့စည်းပြီး လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်သည်လို့ ဒီမှာ အမျိုးသားလွှတ်တော်ကနေပြီးတော့ အထွေထွေအခန်းမှာ ထည့်ထားပါတယ်၊ ဖြည့်ပြီးတော့။ အဲဒီမှာ ကျွန်မက နိုင်ငံနှင့်အဝှမ်း ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်မယ့်လုပ်ငန်းဖြစ်တဲ့ အခါကျတော့ ဒါ အလေး အနက်လည်း အချိန်နှင့်တစ်ပြေးညီဆောင်ရွက်နိုင်ဖို့အတွက် အခုကျွန်မတို့ အမျိုးသားလွှတ်တော်

ကနေပြီးတော့၊ ပြင်ဆင်ပြီးတော့ ဖြည့်စွက်ထားတဲ့အတိုင်းပဲ ကော်မရှင်မှာတော့ လိုအပ်တဲ့ အဖွဲ့ခွဲတွေနဲ့ လုပ်ငန်းအဖွဲ့တွေကို ဖွဲ့ဖို့အတွက် ဖွဲ့စည်းပြီးတော့ လုပ်ငန်းတာဝန်များ သတ်မှတ်ပေးနိုင်ဖို့အတွက်ကို ကျွန်မဆွေးနွေး ထောက်ခံရင်းနဲ့ နိဂုံးချုပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှာ လူလျော့သွားရင် ထပ်ဖြည့်ဖို့ကတော့တွေ့ပြီ။ ဘာဖြစ်လို့လဲဆိုတော့ ပြည်သူ့လွှတ်တော်နဲ့ အမျိုးသားလွှတ်တော်နဲ့က တန်းတူဖြစ်တယ်ဆိုသော်လည်း လူဦးရေချင်းမတူတဲ့အခါကျတော့ ပြည်ထောင်စုလွှတ်တော်မှာ ငြင်းတဲ့အခါမှာ ဒီလိုလူမျိုးတွေလိုနေတယ်။ ဒါကြောင့်မို့လို့ ဒေါ်ခင်ဝိုင်းကြည် ရဲ့ ဆွေးနွေးချက် အပါအဝင် ဥပဒေကြမ်းကော်မတီရဲ့ ဆောင်ရွက်ချက်တွေနဲ့ ပြန်လည်ညှိနှိုင်းရန်ရှိရင် ညှိနှိုင်းပြင်ဆင်ထားပြီးတော့မှ ဒီဥပဒေကြမ်းကို ဆုံးဖြတ်မယ့် နေ့ရက်ကို ကြေညာမည်ဖြစ်ကြောင်း ဆုံးဖြတ်ပါတယ်။

## အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက အစည်းအဝေး (၁၅)ရက်မြောက်နေ့ ရပ်နားကြောင်းနှင့် (၁၆)ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၁း၁၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် နဝမပုံမှန် အစည်းအဝေး (၁၅)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး (၁၆)ရက်မြောက်နေ့ ကျင်းပမည့်နေ့ရက်နှင့်အချိန်ကို ကြိုတင်အသိပေးမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။
**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် နဝမပုံမှန်အစည်းအဝေး(၁၅)ရက်မြောက်နေ့ အစည်းအဝေးကို နံနက် ၁၁း၁၂ နာရီအချိန်တွင် ရပ်နားပါသည်။]